မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၄၂ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ( ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် ) } သောကြာနေ့ [ အတွဲ ၇၂

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၄/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၉၅/ ၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ် ကို အစမ်းခန့် ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၅၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

**အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ ကော်မတီဖွဲ့စည်းခြင်း**

၁။ အမျိုးသားအဆင့် ဘူမိဥယျာဉ် (Geopark) များ စနစ်တကျသတ်မှတ်တည်ထောင်ရာတွင် မူဝါဒဆိုင်ရာလုပ်ငန်းများနှင့် လိုအပ်သည့် လမ်းညွှန်ကြီးကြပ်ညှိနှိုင်းမှုများပြုလုပ်နိုင်ရန် အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ပြည်ထောင်စုဝန်ကြီး — ဥက္ကဋ္ဌ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ခ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန

(ဂ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

(ဃ) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(င) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(စ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
UNESCO အမျိုးသားကော်မရှင်

(ဆ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း

(ဇ) အမြဲတမ်းအတွင်းဝန် — အတွင်းရေးမှူး
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီအား ဖွဲ့စည်းခြင်း၊

(ခ) ဘူမိဥယျာဉ်ဆိုင်ရာလုပ်ငန်းကော်မတီအား ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဂ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့ သတ်မှတ်ရေးအား ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ်တို့ သတ်မှတ်ရေးဆောင်ရွက်နေမှုအား ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(င) ကမ္ဘာ့အဆင့်နှင့် အမျိုးသားအဆင့် ဘူမိဥယျာဉ် စီမံအုပ်ချုပ်မှုအား ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(စ) အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ အစည်းအဝေးကို ပုံမှန် (၁) နှစ်လျှင် (၂) ကြိမ် ခေါ်ယူကျင်းပခြင်း၊ လိုအပ်ပါက ကြားဖြတ်အစည်းအဝေးကို ခေါ်ယူကျင်းပခြင်း၊

(ဆ) ကော်မတီအစည်းအဝေးရလဒ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) ကော်မတီအစည်းအဝေးလမ်းညွှန်ချက်၊ ဆုံးဖြတ်ချက်များကို ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းကော်မတီသို့ ပေးပို့ခြင်း။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

**ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်း** ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေ (မူကြမ်း)**
**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　။)**

၁၃၈၁ ခုနှစ်၊　　လ　　ရက်
(၂၀၁၉ ခုနှစ်၊　　လ　　ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။　ဤဥပဒေကို **ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။　ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ပြည်ထောင်စုအစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ရေနံ (Petroleum)** ဆိုသည်မှာ ဟိုက်ဒြိုကာဗွန်အရောအနှောဖြစ်သော ကျောက်ဖြစ်ရုပ်ကြွင်းလောင်စာ (Fossil Fuel) များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံစိမ်း (Crude Oil)၊ လေဆီ (Condensate) နှင့် သဘာဝဓာတ်ငွေ့ (Natural Gas) တို့ ပါဝင်သည်။

(ဃ) **ရေနံစိမ်း (Crude Oil)** ဆိုသည်မှာ မြေအောက်မှရရှိသော သဘာဝအလျောက် ဖြစ်တည်လာသည့် ရေနံအရည် သို့မဟုတ် အခဲကိုသော်လည်းကောင်း၊ ယေလကျောက်မှထွက်ရှိသော အရည်ကိုသော်လည်းကောင်း၊ ဟိုက်ဒြိုဂျင်နှင့် ကာဗွန်ဒြပ်စင်များ အဓိကပေါင်းစပ်ပါဝင်သည့် ဒြပ်ပေါင်းရည်ကိုသော်လည်းကောင်း၊ သဘာဝဓာတ်ငွေ့ ဒြပ်ပေါင်းစုမှ အပူချိန်နှင့် ဖိအားအပြောင်းအလဲကြောင့် ဖြစ်တည်လာသည့် လေဆီ (Condensate) ကိုသော်လည်းကောင်း ဆိုသည်။

(င) **သဘာဝဓာတ်ငွေ့ (Natural Gas)** ဆိုသည်မှာ ရေနံတွင်းမှ ထုတ်ယူရရှိသော ဟိုက်ဒြိုဂျင်နှင့် ကာဗွန်ဒြပ်စင်များ ပေါင်းစပ်ပါဝင်နေသည့် အငွေ့အခြေအနေရှိသည့် ဒြပ်ပေါင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံနှင့်အခြားဒြပ်ပေါင်းများ ပါဝင်နေသော ဓာတ်ငွေ့စို၊ ယေလကျောက်မှ ထွက်ရှိသော အငွေ့ကိုသော်လည်းကောင်း၊ အခြား ဒြပ်ပေါင်းများ သဘာဝအလျောက် သို့မဟုတ် ပြုပြင်ဖယ်ရှားသဖြင့် ဖြစ်လာသည့် ဓာတ်ငွေ့ခြောက်၊ ဓာတ်ငွေ့တွင်းထိပ်မှထွက်သောဓာတ်ငွေ့နှင့် ဓာတ်ငွေ့စိုမှ ခွဲခြားထုတ်ယူ၍ ကြွင်းကျန်ရစ်သော ကြွင်းကျန်ဓာတ်ငွေ့တို့လည်းပါဝင်သည်။

(စ) **ရေနံလုပ်ငန်း (Petroleum Activity)** ဆိုသည်မှာ နိုင်ငံတော်၏ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ဆောင်ရွက်သည့် ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်း သို့မဟုတ် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ရေနံလုပ်ငန်းနှင့် ဆက်စပ်သော စီမံကိန်းရေးဆွဲခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ အင်ဂျင်နီယာလုပ်ငန်းများ၊ တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများ၊ ဝယ်ယူခြင်းလုပ်ငန်းများ၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ စနစ်တကျဖျက်သိမ်းခြင်းလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ ရေနံလုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ဆ) **ရေနံစူးစမ်းရှာဖွေခြင်း**ဆိုသည်မှာ ရေနံခိုအောင်းမှု အလားအလာကောင်းမွန်သည့် ကျောက်လွှာ အနေအထား ရှိ မရှိနှင့် ရေနံခိုအောင်းမှုကို စီးပွားဖြစ်ထုတ်လုပ်နိုင်ခြင်း ရှိ မရှိတို့ကို ဘူမိဗေဒ၊ ဘူမိရူပဗေဒ၊ ဘူမိဓာတုဗေဒနည်းပညာ သို့မဟုတ် အခြားခေတ်မီတိုးတက်သော နည်းပညာတို့ဖြင့် စူးစမ်းရှာဖွေခြင်းနှင့် စမ်းသပ်တိုင်းတာခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ရှာဖွေရေးတွင်းတူးခြင်းနှင့် အကဲဖြတ်တွင်းတူးခြင်းတို့ မပါဝင်။

(ဇ) **ရေနံတူးဖော်စမ်းသပ်ခြင်း**ဆိုသည်မှာ ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးနောက် ရေနံခိုအောင်းမှုအလားအလာရှိပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်မည့် အထောက်အထားများ တွေ့ရှိသည့်အခါ ရေနံထုတ်ယူရန်အလို့ငှာ ကုန်းတွင်းတွင်ဖြစ်စေ၊ ကမ်းလွန်ရေတိမ်ပိုင်း သို့မဟုတ် ကမ်းလွန်ရေနက်ပိုင်းတွင်ဖြစ်စေ မြေအောက်ကျောက်လွှာကို တွင်းတူးဖော်မှုနည်းပညာ တစ်ရပ်ရပ်ဖြင့် တူးဖော်ခြင်း၊ စမ်းသပ်ခြင်း၊ အကဲဖြတ်ခြင်းတို့ကို ဆိုသည်။

(ဈ) **ရေနံထုတ်လုပ်ခြင်း** ဆိုသည်မှာ ရေနံတူးဖော်၊ စမ်းသပ်ခြင်းမှထွက်ရှိလာသည့် ရေနံကို စီးပွားဖြစ်ထုတ်ယူရန် ဖွံ့ဖြိုးရေးအစီအစဉ်များချမှတ်၍ လူစွမ်းအား၊ စက်စွမ်းအား၊ နည်းပညာ အကူအညီများဖြင့် ထုတ်လုပ်ခြင်းကို ဆိုသည်။

(ည) **ခွင့်ပြုမိန့်**ဆိုသည်မှာ ရေနံစူးစမ်းရှာဖွေခြင်းနှင့်တူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်အတွက်လည်းကောင်း၊ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်အတွက် လည်းကောင်း ဤဥပဒေအရ ဝန်ကြီးဌာနက ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဋ) **ရေနံလုပ်ကွက် (Block)** ဆိုသည်မှာ နိုင်ငံတော်၏ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ရေနံလုပ်ငန်းလုပ်ကိုင်ရန် ဗဟိုကော်မတီ၏ သဘောတူညီချက်အရ ဝန်ကြီးဌာနက ပြည်ထောင်စုအစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် လုပ်ကွက်နယ်နိမိတ်ကိုပိုင်းခြားသတ်မှတ်၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသော နယ်ပယ်အကျယ်အဝန်းကို ဆိုသည်။

(ဌ) **ကမ်းလွန်ဒေသ (Offshore)** ဆိုသည်မှာ မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေတွင် ဖော်ပြထားသည့် ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်၊ ကမ်းလွန်ရေတိမ်ပိုင်းတို့ကို ဆိုသည်။

(ဍ) **ကုန်းတွင်းပိုင်းဒေသ (Onshore)** ဆိုသည်မှာ နိုင်ငံတော်၏ ကုန်းတွင်းပိုင်းရှိ မြစ်၊ ချောင်း၊ အင်းအိုင်၊ မြေပြင်၊ တောတောင် စသည်တို့အပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်းတွင်းပိုင်း နယ်နိမိတ်ပိုင်းခြားသတ်မှတ်ထားသော နေရာဒေသအထိကို ဆိုသည်။

(ဎ) **ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း**ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသည့် သို့မဟုတ် မှတ်ပုံတင်ထားသည့်ကုမ္ပဏီ၊ နိုင်ငံခြားကုမ္ပဏီ၊ ပြည်ပကော်ပိုရေးရှင်း၊

(၂) အစုစပ်လုပ်ငန်းအက်ဥပဒေအရ ဖွဲ့စည်းသည့် အစုစပ်အသင်း၊

(၃) သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းသည့် သမဝါယမအသင်း။

(ဏ) **ဗဟိုကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ရေနံလုပ်ငန်းကြီးကြပ်ရေးဗဟိုကော်မတီကို ဆိုသည်။

(တ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(ထ) **ဦးစီးဌာန**ဆိုသည်မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ စီမံရေးဦးစီး ဌာနကို ဆိုသည်။

(ဒ) **စစ်ဆေးရေးအရာရှိချုပ်**ဆိုသည်မှာ ဦးစီးဌာန၏ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

(ဓ) **မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**ဆိုသည်မှာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်မှု အောက်တွင်ရှိသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွင်း ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်သောလုပ်ငန်းဌာနကို ဆိုသည်။

(န) **ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ**ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပေးသည့် ခွင့်ပြုမိန့် ရရှိသူကို ဆိုသည်။

(ပ) **ရေနံလုပ်ငန်းဆောင်ရွက်သူ (Operator)** ဆိုသည်မှာ ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက ယင်း၏ကိုယ်စား ဦးစီးဆောင်ရွက်ရန်အတွက် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လုပ်ပိုင်ခွင့် ပေးအပ်ခြင်းခံရသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံသယံဇာတသဘာဝအရင်းအမြစ်များအား ကောင်းမွန်သော စီမံခန့်ခွဲမှုမြင့်တင်ခြင်းဖြင့် ရေနံလုပ်ငန်းများကို အမျိုးသားအကျိုးစီးပွားအတွက် ရေရှည်ဆောင်ရွက်ရန်၊

(ခ) စွမ်းအင်ဆိုင်ရာမူဝါဒများနှင့်အညီ နိုင်ငံတော်၏ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ရေနံစူးစမ်းရှာဖွေခြင်း၊ တူးဖော်စမ်းသပ်ခြင်းနှင့် ထုတ်လုပ်ခြင်းတို့ကို စနစ်တကျပြုလုပ်ရန်၊

(ဂ) ရေနံသယံဇာတကို ပြည်တွင်း၌ ဖူလုံစွာသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေ ရရှိစေရန်၊

(ဃ) ရေနံလုပ်ငန်းဖြင့် နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(င) ရေနံလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန်နှင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ရန်၊

(စ) မြန်မာနိုင်ငံသားများ၏ ရေနံလုပ်ငန်းဆိုင်ရာ စွမ်းဆောင်ရည်ကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်ပေးရန်၊

(ဆ) ရေနံလုပ်ငန်းများတွင် မြန်မာနိုင်ငံသားကုမ္ပဏီများ ပိုမိုထိရောက်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန်။

## အခန်း (၃)
## ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အလို့ငှာ ဗဟိုကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည် -

(၁) ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန .................. ဥက္ကဋ္ဌ

(၂) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ........................ အဖွဲ့ဝင်

(၃) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ........................ အဖွဲ့ဝင်

(၄) နိုင်ငံခြားရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ........................ အဖွဲ့ဝင်

(၅) ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ........................ အဖွဲ့ဝင်

(၆) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ........................ အဖွဲ့ဝင်

(၇) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ........................ အဖွဲ့ဝင်

(၈) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ........................ အဖွဲ့ဝင်

(၉) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်တစ်ဦး ........................ အဖွဲ့ဝင်

(၁၀) ညွှန်ကြားရေးမှူးချုပ် ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန ........... အတွင်းရေးမှူး

(၁၁) ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း တွဲဖက်အတွင်းရေးမှူး

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့်ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေနံလုပ်ငန်းဆိုင်ရာ မူဝါဒများချမှတ်ပေးခြင်း၊

(ခ) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ရေနံလုပ်ကွက်သတ်မှတ်ရေးနှင့် ရေနံလုပ်ကွက်လုပ်ကိုင်ခွင့်လျှောက်ထားမှုများ စိစစ်ရွေးချယ်ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်မှုပြုခြင်း၊

(ဃ) ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသည့် အရည်အချင်းပြည့်မီသော ကုမ္ပဏီနှင့် အဖွဲ့အစည်းများအား တင်ဒါစနစ်ဖြင့်ခေါ်ယူ၍ လျှောက်ထားလာမှုများအပေါ် ပွင့်လင်းမြင်သာစွာရွေးချယ်စေရေးအတွက် လမ်းညွှန်မှုတင်ပြခြင်း၊

(င) ရေနံလုပ်ကွက်များတွင် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ပူးပေါင်းလုပ်ကိုင်ရန် တင်ဒါ အောင်မြင်သည့် ပြည်တွင်းပြည်ပကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ရေနံလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်နိုင်ရေးအတွက် သဘောတူညီချက်ပေးခြင်း၊

(စ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက စီးပွားဖြစ်ထုတ်လုပ်နိုင်ကြောင်း တင်ပြလာသည့် ရေနံနှင့်သဘာဝ ဓာတ်ငွေ့ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and Production Plan) အား ဝန်ကြီးဌာနမှ စိစစ်တင်ပြလာမှုအပေါ် အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဆ) ရေနံလုပ်ငန်းတစ်ရပ်ရပ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်း ကော်မတီ၊ ဆပ်ကော်မတီများဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်မည့် ရေနံလုပ်ကွက်တည်ရှိရာဒေသတွင် ရေနံလုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီတို့နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) ရေနံလုပ်ငန်းလုပ်ကိုင်သည့် နယ်မြေဒေသ၏ လူမှုစီးပွားအကျိုးပြုလုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မြေမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ရေနံလုပ်ငန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်း တာဝန် များကို ထမ်းဆောင်ခြင်း။

## အခန်း (၄)
## ရေနံလုပ်ကွက်သတ်မှတ်ခြင်း

၆။ ဝန်ကြီးဌာနသည် ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် ရေနံလုပ်ငန်းလုပ်ကိုင်နိုင်သည့် ရေနံ လုပ်ကွက်များကို ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နယ်နိမိတ်ပိုင်းခြားသတ်မှတ်ပြီး အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်သည်။

၇။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ ရေနံလုပ်ကွက်များကိုသတ်မှတ်ရာတွင် နိုင်ငံတော်၏ အကျိုးစီးပွား အတွက် ရေနံသယံဇာတ စဉ်ဆက်မပြတ်ထုတ်ယူအသုံးပြုနိုင်ရန် နိုင်ငံတော်ကသာလုပ်ကိုင်မည့် သီးသန့် ရေနံလုပ်ကွက်များ (Reserved Blocks) ကို ထည့်သွင်းသတ်မှတ်နိုင်သည်။

၈။ ဝန်ကြီးဌာနသည် -

(က) ပုဒ်မ ၆ အရ ကုန်းတွင်းပိုင်းဒေသတွင် ရေနံလုပ်ကွက်သတ်မှတ်ကြေညာခြင်းမပြုမီ မည်သည့် နယ်မြေဒေသကို သတ်မှတ်ကြေညာရန် ရည်ရွယ်ကြောင်း အများပြည်သူသိရှိရန် သတ်မှတ်ချက် များနှင့်အညီ ကြေညာရမည်။

(ခ) ရေနံလုပ်ကွက် သတ်မှတ်ကြေညာရာတွင် သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို စုံစမ်းစစ်ဆေး၍ သင့်လျော်သောအခွင့်အရေးများ၊ အကျိုး ခံစားခွင့်များကို စိစစ်ဆောင်ရွက်ပေးနိုင်ရန်နှင့် ရေနံလုပ်ကွက်နယ်နိမိတ်တိုင်းတာသတ်မှတ်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သောကျွမ်းကျင်သူများ ပါဝင်သည့် စုံစမ်းစစ်ဆေးရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးရမည်။

(ဂ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသောမြေတွင် ပုဒ်မ ၆ အရ ရေနံလုပ်ကွက်သတ်မှတ်လိုပါက ယင်းသို့သတ်မှတ်ခြင်းမပြုမီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ရမည်။

(ဃ) ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသောမြေတွင် ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူက လုပ်ငန်းဆောင်ရွက်လိုပါက မြေအသုံးချနိုင်ရေးအတွက် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ သတ်မှတ်ကြေညာထားသော ရေနံလုပ်ကွက်ကိုဖြစ်စေ၊ ရေနံလုပ်ကွက် တစ်ခု၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဗဟိုကော်မတီ၏ သဘောတူညီချက်ရယူ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း (၅)

## ဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၀။ ဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံသယံဇာတအရင်းအမြစ်ဆိုင်ရာ ကောင်းမွန်သောစီမံခန့်ခွဲမှုကို အကောင်အထည်ဖော်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ခ) ရေနံလုပ်ငန်းဆောင်ရွက်လိုသူ အရည်အချင်းပြည့်မီသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ လျှောက်ထားလာမှုများအပေါ် တင်ဒါစည်းကမ်းချက်များနှင့်အညီ စိစစ်ရွေးချယ်ခြင်း၊

(ဂ) မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းက လုပ်ကိုင်သော ရေနံလုပ်ငန်းများကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် ပူးပေါင်း လုပ်ကိုင်သော ရေနံလုပ်ငန်းများကိုလည်းကောင်း စီမံခန့်ခွဲခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဃ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ရေနံလုပ်ငန်းဆောင်ရွက်မှုကို ချောမွေ့စေရန် လိုအပ်သော လုပ်ကိုင်ခွင့်နှင့် ရေနံလုပ်ငန်း၏ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ကူညီဆောင်ရွက်ပေးခြင်း၊

(င) ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်လျက်ရှိသည့် ရေနံလုပ်ငန်းများကို ကူညီပံ့ပိုးသည့် အနေဖြင့် လိုအပ်သော ထောက်ခံချက်များ၊ ခွင့်ပြုချက်များ စိစစ်ထုတ်ပေးခြင်း၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ သက်ဆိုင်ရာ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းသတ်မှတ်ချက် အရလည်းကောင်း ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ အခွန်ဆိုင်ရာ ကိစ္စရပ်များအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

(ဆ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ခွင့်ပြုမိန့်သက်တမ်းကို တိုးမြှင့်ပေးရန် သို့မဟုတ် ရပ်စဲပေးရန် လျှောက်ထားချက်ကိုစိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လုပ်ငန်းတွင် ၎င်းပါဝင်သည့် အစုရှယ်ယာ၊ အကျိုးခံစားခွင့် အချိုးအစား၊ တာဝန်နှင့် အခွင့်အရေး သို့မဟုတ် အကျိုးစီးပွား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းတို့ ပြုလုပ်လိုကြောင်း လျှောက်ထားလာပါက တည်ဆဲဥပဒေများ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဈ) ဤဥပဒေပါ လုပ်ငန်းဆောင်ရွက်ချက်များမှ ရရှိလာသည့် သတင်းအချက်အလက်များအနက်မှ ပြည်သူလူထုသိသင့်သိထိုက်သော သတင်းအချက်အလက်များကို ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ပြည်သူလူထုသို့ အသိပေးခြင်းနှင့် ပညာပေးလုပ်ငန်းများ အခါအားလျော်စွာ ဆောင်ရွက်ခြင်း၊

(ည) ရေနံလုပ်ငန်း၌ လုပ်ကိုင်လျက်ရှိသောဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် ကြိုတင်ကာကွယ်မှုများကို သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဋ) ပဋိညာဉ်စာချုပ် ချုပ်ဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ရေနံလုပ်ငန်းအတွက် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ ဥပဒေ၊ နည်းဥပဒေများကို အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်း၊

(ဌ) ခွင့်ပြုမိန့်ရရှိသူက ရေနံကိုစီးပွားဖြစ် မည်မျှထုတ်ယူရရှိနိုင်ကြောင်း ခိုင်လုံသောအထောက်အထားများဖြင့် တင်ပြလာလျှင် အများပြည်သူသို့ အသိပေးကြေညာခြင်း၊

(ဍ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ဖွံ့ဖြိုးမှုနှင့်ထုတ်လုပ်မှုအစီအစဉ်ကို စိစစ်၍ ဗဟိုကော်မတီသို့ တင်ပြခြင်း၊ ဗဟိုကော်မတီက အတည်ပြုလျှင် နိုင်ငံတော်စီမံကိန်းအနေဖြင့် စီမံဆောင်ရွက်ခြင်း၊

(ဎ) စီမံကိန်းများမှ နိုင်ငံတော်အတွက်ရရှိမည့် အခွန်အခများနှင့် ငွေးရမ်းခများအတွက် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဏ) စီမံကိန်းများတွင် နိုင်ငံသားအလုပ်သမားများနှင့် ကျွမ်းကျင်ပညာရှင်များကို ဦးစားပေးခန့်ထားခြင်းနှင့် နည်းပညာလွှဲပြောင်းခြင်းတို့အတွက် လိုအပ်သလို စီမံဆောင်ရွက်ပေးခြင်း။

၁၁။ ဝန်ကြီးဌာန၏ ရေနံလုပ်ငန်းဆိုင်ရာ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား ရေနံလုပ်ငန်းနှင့်သက်ဆိုင်သည့် လိုအပ်သော အထောက်အထားများ၊ အချက်အလက်များကို တင်ပြစေခြင်း၊

(ခ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများ၊ ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်းနှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း၊

(ဂ) ရေနံလုပ်ငန်းဆောင်ရွက်ရာတွင် အသုံးပြုသည့် မတည်ရင်းနှီးပစ္စည်းများ (Physical Assests) နှင့် ယင်းလုပ်ငန်းမှစုဆောင်းရရှိသော အချက်အလက်မူရင်းများ၊ ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ခန့်မှန်းတွက်ချက်မှုများ၊ မြေသား၊ ရေနံ၊ ဓာတုပစ္စည်းစသည့် နမူနာများ၊ သတင်းများနှင့် အစီရင်ခံစာများကို ပဋိညာဉ်စာချုပ်နှင့်အညီ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူထံမှ မူပိုင်ရယူပိုင်ဆိုင်ခွင့်ရှိခြင်း၊

(ဃ) ရေနံလုပ်ငန်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းတည်နေရာ၊ ဆက်စပ်နေရာများနှင့် ရေနံလုပ်ကွက်အတွင်းသို့ အချိန်မရွေး ကွင်းဆင်းစစ်ဆေးခြင်း၊ လုပ်ငန်းဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းများ၊ စာရင်းစာအုပ်များကို စစ်ဆေးခြင်း၊

(င) လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် မူဝါဒ၊ အရေးပေါ်ဆောင်ရွက်မည့် အစီအစဉ်များကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ထားမှု ရှိ မရှိ ဝင်ရောက်စစ်ဆေးခြင်း၊

(စ) ရေနံလုပ်ငန်းတွင် သတ်မှတ်ထားသော အကျိုးခံစားခွင့်အချိုးအစား၊ တာဝန်နှင့်အခွင့်အရေး၊ အကျိုးစီးပွားတို့ကို ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ဆ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား လူမှုရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်သောထိခိုက်မှု လေ့လာဆန်းစစ်ခြင်းများကို တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်စေခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ရေနံလုပ်ငန်းနှင့်စပ်ဆိုင်သည့် ခွင့်ပြုမိန့်အရ လုပ်ကိုင်ခွင့်ရရှိသည့် ရေနံလုပ်ငန်းကိုသော်လည်းကောင်း၊ အစုရှယ်ယာ၊ ပါဝင်သည့် အကျိုးခံစားခွင့်အချိုးအစား၊ တာဝန်နှင့်အခွင့်အရေး သို့မဟုတ် အကျိုးစီးပွားကိုသော်လည်းကောင်း လွှဲပြောင်းသည့်အခါ ဦးစားပေးလွှဲပြောင်းရယူခွင့်ရှိခြင်း၊

(ဈ) ထုတ်လုပ်သည့်ရေနံအား ပြည်တွင်းသုံး လိုအပ်ချက်ပြည့်မီစေရေးအတွက် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူထံမှ ဦးစားပေးဝယ်ယူခွင့်ရှိခြင်း၊ လိုအပ်ပါက ထပ်မံဝယ်ယူခွင့်ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) ရေနံလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အလုပ်သမားနှင့်ပတ်သက်သည့် လုပ်ငန်းခွင်ဆိုင်ရာ စည်းကမ်းချက်ကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဋ) ရေနံလုပ်ငန်းများဆောင်ရွက်ရာမှ ရရှိသောအချက်အလက်များ၊ သတင်းများကို လျှို့ဝှက်ထိန်းသိမ်းလျက် သုံးစွဲနိုင်ခွင့်ရှိခြင်း၊

(ဌ) ရေနံလုပ်ငန်းများနှင့်ဆက်စပ်သော သီးခြားဆောင်ရွက်ပေးရသည့် ဝန်ဆောင်မှုလုပ်ငန်းများအတွက် အခကြေးငွေ စည်းကြပ်နိုင်ခြင်း၊

(ဍ) ရေနံလုပ်ငန်းအား အထောက်အကူပြုသည့်လုပ်ငန်းများအတွက် လိုအပ်သည့်စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပေးနိုင်ခြင်း။

၁၂။ ဝန်ကြီးဌာနသည် ပုဒ်မ ၆ အရ သတ်မှတ်ကြေညာထားသော ရေနံလုပ်ကွက်များအနက်မှ ပုဒ်မ ၇ အရ နိုင်ငံတော်၏ အကျိုးစီးပွားအတွက် နိုင်ငံတော်ကသာ လုပ်ကိုင်ရန် သတ်မှတ်ထားသည့် ရေနံလုပ်ကွက်ကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအား ရေနံလုပ်ငန်းတစ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ရန် ခွင့်ပြုနိုင်သည်။

## **အခန်း (၆)**

## **မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်**

၁၃။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် -

(က) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရေနံလုပ်ငန်းကို လုပ်ကိုင်ရန် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် ပူးပေါင်းခြင်းမပြုဘဲ ကိုယ်တိုင်လုပ်ကိုင်နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ရေနံလုပ်ငန်းကို လုပ်ကိုင်ရာတွင် ဤဥပဒေအရ ခွင့်ပြုမိန့်ရယူခြင်းမှ ကင်းလွတ်ခွင့်ရရှိစေရမည်။

၁၄။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဝန်ကြီးဌာနသို့တင်ပြ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသတို့တွင် တင်ဒါအောင်မြင်သည့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများနှင့် ရေနံလုပ်ငန်းကို အောက်ဖော်ပြပါ စီးပွားရေးပူးပေါင်းဆောင်ရွက်သည့်စနစ်တစ်မျိုးမျိုးဖြင့် လုပ်ကိုင်ရန် ဤဥပဒေအရ ခွင့်ပြုမိန့်ရယူ၍ နှစ်ဖက်သဘောတူစာချုပ် ချုပ်ဆိုပြီး ဆောင်ရွက်နိုင်သည် -

(က) ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးအခြေခံဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့်စနစ်ဖြင့်လုပ်ကိုင်ခြင်း၊

(ခ) ရေနံတိုးတက်ထုတ်ယူရရှိရေး စနစ်ဖြင့်လုပ်ကိုင်ခြင်း၊

(ဂ) အစုရှယ်ယာထည့်ဝင်၍ ဖက်စပ်လုပ်ကိုင်ခြင်း၊

(ဃ) အကျိုးအမြတ်ပေါ်တွင် ခွဲဝေခံစားရေးစနစ်ဖြင့် လုပ်ကိုင်ခြင်း၊

(င) အခြားပူးပေါင်းလုပ်ကိုင်သည့် စနစ်တစ်မျိုးမျိုးဖြင့် လုပ်ကိုင်ခြင်း။

## **အခန်း (၇)**

## **ရေနံလုပ်ငန်းကို ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းနှင့် ပူးပေါင်းလုပ်ကိုင်ရန် အသိပေးဖိတ်ခေါ်ခြင်း**

၁၅။ ဝန်ကြီးဌာနသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းကို နိုင်ငံတော်ကိုယ်စား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ ရေနံကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းအား အသိပေးဖိတ်ခေါ်၍ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကို ရွေးချယ်ရာတွင် -

(က) တစ်ဦးတစ်ယောက်ကဖြစ်စေ၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ လက်ဝါးကြီးအုပ်ရယူခြင်းနှင့် ဈေးကစားခြင်းများ မရှိစေရေး၊ တရားမျှတစွာ ယှဉ်ပြိုင်နိုင်ရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေး၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုရှိစေရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးရှိစေရေးတို့အတွက် ကြိုးကြပ်ဆောင်ရွက်ရမည်။

(ခ) သတ်မှတ်ချက်များနှင့်အညီ တင်ဒါကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများဖွဲ့စည်း၍ တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ရမည်။

၁၆။ ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းကို နိုင်ငံတော်ကိုယ်စား မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တစ်နည်းနည်းဖြင့် ပူးပေါင်းလုပ်ကိုင်ရေးအတွက် တင်ဒါစနစ်ဖြင့် ဖိတ်ခေါ် ဆောင်ရွက်ရာတွင် အောက်ပါအချက်အလက်များ ပါရှိစေရမည် -

(က) ဝန်ကြီးဌာနက သတ်မှတ်ရမည့် အချက်အလက်များ -

(၁) ပူးပေါင်းလုပ်ကိုင်မည့် ရေနံလုပ်ကွက်အမည်၊ အမှတ်အသား၊ တည်နေရာ၊ အကျယ်အဝန်း၊ လတ္တီတွဒ်၊ လောင်ဂျီတွဒ်၊

(၂) တစ်နည်းနည်းဖြင့်ပူးပေါင်းလုပ်ကိုင်မည့်စနစ် (ဖက်စပ်စနစ်၊ ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေး စနစ်၊ အကျိုးအမြတ်ပေါ်တွင် ခွဲဝေခံစားရေးစနစ်၊ ရေနံတိုးတက်ထုတ်ယူရရှိရေးစနစ်) စသည်ဖြင့်

(ခ) အဆိုပြုသူက တင်ပြအဆိုပြုရာတွင် ပါဝင်ရမည့်အချက်များ -

(၁) မတည်ရင်းနှီးမည့် ငွေကြေးပမာဏနှင့်စပ်လျဉ်း၍ ငွေကြေးခိုင်မာမှုရှိကြောင်း အထောက် အထားများ၊

(၂) ကုမ္ပဏီ၊ အဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း သို့မဟုတ် ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းမိတ္တူ၊

(၃) နည်းပညာနှင့်ကျွမ်းကျင်သူပညာရှင်များ ပြည့်စုံစွာရှိကြောင်း အထောက်အထားများ၊

(၄) ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်း၊ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့သည့် အတွေ့အကြုံအထောက်အထားများ၊

(၅) နိုင်ငံတော်မှရရှိမည့် ငွေကြေးပမာဏအချိုး၊

(၆) ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းစီမံချက်၊

(၇) သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်များ ပြုလုပ်ဆောင်ရွက်မည့်အစီအစဉ်။

## အခန်း (၈)

## ရေနံလုပ်ငန်းလုပ်ကိုင်ခွင့် လျှောက်ထားခြင်း၊ စိစစ်ရွေးချယ်ခြင်းနှင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း

၁၇။ ရေနံလုပ်ငန်းကို လုပ်ကိုင်လိုသူသည် ရေနံစူးစမ်းရှာဖွေခြင်းနှင့်တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်ရရှိရန်အလို့ငှာ ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလျှောက်ထားရမည်။

၁၈။ (က) ဝန်ကြီးဌာနသည် အဆိုပြုလျှောက်ထားချက်များအား စိစစ်ရွေးချယ်ရန် တင်ဒါကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းတာဝန်ပေးရမည်။

(ခ) တင်ဒါကော်မတီသည် သတ်မှတ်ထားသည့်အထောက်အထားနှင့် လိုအပ်ချက်များပြည့်စုံသော အဆိုပြုသူများအား ပွင့်လင်းမြင်သာစွာ စိစစ်ရွေးချယ်ပြီးနောက် ပဏာမရွေးချယ်ခံရသူများ၏ စာရင်းကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) ဝန်ကြီးဌာနသည် ပဏာမရွေးချယ်ခံရသူများ၏ စာရင်းကို အတည်ပြုထုတ်ပြန်ကြေညာ ပေးရမည်။

၁၉။ တင်ဒါကော်မတီသည် ပဏာမရွေးချယ်ခံရသူများက ထပ်မံတင်ပြလာသည့် လုပ်ကွက် အဆိုပြုချက် များကို အသေးစိတ်စိစစ်ပြီး ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့် ပြုသင့် သူများစာရင်းကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

၂၀။ ဝန်ကြီးဌာနသည် -

(က) စိစစ်ရွေးချယ်တင်ပြလာသည့် အောက်ဖော်ပြပါကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတို့ကို ဗဟိုကော်မတီ၏ သဘောတူညီချက်အရ လုပ်ကိုင်ခွင့်သက်တမ်းနှင့် စည်းကမ်းချက်များသတ်မှတ်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ခွင့်ပြုမိန့်ကို ထုတ်ပေးနိုင်သည် -

(၁) နိုင်ငံသား သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရာခိုင်နှုန်းပြည့်ဖြင့် ရေနံလုပ်ငန်းလုပ်ကိုင်လိုသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၊

(၂) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့ဖြင့် ဖက်စပ်လုပ်ကိုင်သော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၊

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုတို့ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၊

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုမိန့်ထုတ်ပေးရာတွင် ခွင့်ပြုမိန့်အတွက် သတ်မှတ်ထားသော အခကြေးငွေကို ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူမှ ပေးသွင်းစေရမည်။

(ဂ) ခွင့်ပြုမိန့်ရရှိသူနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့အား ရေနံလုပ်ငန်းအတွက် ပဋိညာဉ်စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုစေရမည်။

## အခန်း (၉)

## ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်း

၂၁။ ဝန်ကြီးဌာနသည် ခွင့်ပြုမိန့်ထုတ်ပေးရာတွင် -

(က) ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်းအတွက် စူးစမ်းလေ့လာသည့်ကာလကို နှစ်နှစ်အထိ သတ်မှတ်ပေးနိုင်သည်။

(ခ) ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ကာလအတွင်း ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားလာခြင်းအပေါ် လိုအပ်ပါက တစ်နှစ်အထိ တစ်ကြိမ်သာ သက်တမ်းတိုးမြှင့်ပေးနိုင်သည်။

(ဂ) ရေနံတူးဖော်စမ်းသပ်ခြင်းလုပ်ငန်းအတွက် ရှစ်နှစ်ထက်မပိုသော သက်တမ်းကာလကို သတ်မှတ်ပေးရမည်။

၂၂။ ခွင့်ပြုမိန့်ရရှိသူသည် ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်နှင့် တွေ့ရှိချက်ရလဒ်တို့ကို ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်များနှင့်အညီ အစီရင်ခံရမည့်အပြင် သက်ဆိုင်ရာလုပ်ငန်း ပြီးဆုံးသည့်အခါ နောက်ဆုံးအစီရင်ခံစာတို့ကို တင်ပြရမည်။

## အခန်း (၁၀)

## စီးပွားဖြစ် ရှာဖွေတွေ့ရှိခြင်း

၂၃။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသည့် ရေနံလုပ်ကွက်တွင် ရေနံတည်ရှိနေကြောင်း ရှာဖွေတူးဖော်တွေ့ရှိပါက တွေ့ရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ခိုင်လုံသောအချက်အလက်များဖြင့် သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားပြီးနောက် စီးပွားဖြစ်ထုတ်ယူနိုင်ခြင်း ရှိ မရှိ ဆက်လက်စမ်းသပ်ရန် အကဲဖြတ် တူးဖော်မှုလုပ်ငန်း အစီအစဉ်နှင့် ငွေကြေးခန့်မှန်းတွက်ချက်မှု အစီရင်ခံစာတို့ကို သတ်မှတ်ချက်များနှင့်အညီ ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ တင်ပြ အတည်ပြုချက် ရယူရမည်။

(ဂ) အကဲဖြတ် တူးဖော်မှုလုပ်ငန်းအစီအစဉ်ဆောင်ရွက်ပြီးစီးချိန်တွင် ရေနံကို စီးပွားဖြစ်ရှာဖွေတွေ့ရှိပါက ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်နှင့်အညီ ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and Production Plan) ရေးဆွဲ၍ ဝန်ကြီးဌာနမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြအတည်ပြုချက် ရယူရမည်။

(ဃ) အကဲဖြတ်တူးဖော်မှုလုပ်ငန်းအစီအစဉ်ဆောင်ရွက်ပြီးစီးချိန်တွင် ရေနံရှာဖွေတွေ့ရှိမှုသည် စီးပွားဖြစ်ထုတ်လုပ်နိုင်သည့် အလားအလာရှိလာနိုင်မည်ဟု ယူဆပါက အဆိုပါ ရှာဖွေတွေ့ရှိသည့် ဧရိယာကို စီးပွားဖြစ်ထုတ်လုပ်နိုင်ရန်အလို့ငှာ စာချုပ်ပါသတ်မှတ်ချက်နှင့်အညီ ပြန်လည်လေ့လာ တွက်ချက်သုံးသပ်နိုင်သည်။ သို့ရာတွင် လေ့လာတွက်ချက်မှုအရ ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and Production Plan) ကို တင်ပြနိုင်ခြင်းမရှိပါက လုပ်ကွက်အား ဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(င) ရေနံလုပ်ကွက်တစ်ခုခုမှ စီးပွားဖြစ်ထုတ်ယူရရှိနိုင်မည့် ရေနံသိုက်ပမာဏကို နိုင်ငံတကာရေနံ လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုဂုဏ်သတင်းရှိသည့် အခြားတတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ တရားဝင် အသိအမှတ်ပြုလက်မှတ်ကိုရယူပြီး ရေနံကိုစီးပွားဖြစ် မည်မျှထုတ်ယူ ရရှိနိုင်မည်ကို ဝန်ကြီးဌာနမှတစ်ဆင့် အများပြည်သူသို့ အသိပေးကြေညာရမည်။

## အခန်း (၁၁)
## ရေနံထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခြင်း

၂၄။ စီးပွားဖြစ်ရှာဖွေတွေ့ရှိသည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် ရေနံထုတ်လုပ်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုမိန့်ကို ဝန်ကြီးဌာနမှရယူပြီး မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်းနှင့် ပဋိညာဉ်စာချုပ်ကို သတ်မှတ်ချက်များနှင့်အညီ ချုပ်ဆိုရမည်။

၂၅။ ဝန်ကြီးဌာနသည် ရေနံထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းကို ကနဦး နှစ် ၂၀ အထိ သတ်မှတ်ပေးနိုင်သည်။ စီးပွားရေးတွက်ခြေကိုက်မှုနှင့် ရေနံသိုက်ပမာဏတို့အပေါ် မူတည်၍ နှစ် ၃၀ အထိ သတ်မှတ်ပေးနိုင်သည်။

၂၆။ ခွင့်ပြုမိန့်ရရှိသူသည် ရေနံထုတ်လုပ်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များနှင့် တွေ့ရှိချက် ရလဒ်တို့ကို ဝန်ကြီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ အစီရင်ခံရမည့်အပြင် ရေနံ ထုတ်လုပ်ခြင်းလုပ်ငန်း ပြီးဆုံးသည့်အခါ ဆောင်ရွက်ချက်များနှင့် ရေနံထုတ်ယူမှုနောက်ဆုံးအစီရင်ခံစာတို့ကို သတ်မှတ်ချက်များနှင့်အညီ တင်ပြရမည်။

## အခန်း (၁၂)
## ရေနံလုပ်ကွက်ကို စွန့်လွှတ်ခြင်း

၂၇။ ခွင့်ပြုမိန့်ရရှိသူသည် -

(က) ခွင့်ပြုမိန့်သက်တမ်းအတွင်း ရေနံစူးစမ်းရှာဖွေခြင်းလုပ်ငန်း သို့မဟုတ် ရေနံတူးဖော်စမ်းသပ်ခြင်း လုပ်ငန်းကို စာချုပ်ပါစည်းကမ်းချက်နှင့်အညီ စွန့်လွှတ်လိုလျှင် ထိုသို့စွန့်လွှတ်လိုကြောင်း အဆိုပြုချက်ကို အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ ဝန်ကြီးဌာနသို့တင်ပြပြီး ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ချက်များနှင့်အညီ ပြန်လည်အပ်နှံနိုင်သည်။

(ခ) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးချိန်တွင် ရေနံရှာဖွေတွေ့ရှိခြင်းမရှိပါက ခွင့်ပြုထားသည့် ရေနံလုပ်ကွက်ကို စွန့်လွှတ်ပြီး ဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(ဂ) ခွင့်ပြုမိန့်သက်တမ်းကာလအတွင်း ရေနံကိုရှာဖွေတွေ့ရှိပါက ရေနံထုတ်လုပ်ခြင်းပြုမည့် လုပ်ကွက် ဧရိယာမှအပ ကျန်လုပ်ကွက်ဧရိယာများကို ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်နေ့ထက် နောက်မကျ စေဘဲ သတ်မှတ်ချက်များနှင့်အညီ စွန့်လွှတ်ပြီး ဝန်ကြီးဌာနသို့ ပြန်လည်အပ်နှံရမည်။

(ဃ) စီးပွားဖြစ်ထုတ်ယူနိုင်သည့် ရေနံသိုက်ပမာဏ ကုန်ဆုံးသည့်အခါ ရေနံဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှု ဧရိယာကို စွန့်လွှတ်လိုကြောင်း အဆိုပြုချက်ကို အနည်းဆုံး ရက်ပေါင်း ၉၀ ကြိုတင်၍ ဝန်ကြီး ဌာနသို့တင်ပြပြီး သတ်မှတ်ချက်များနှင့်အညီ ပြန်လည်အပ်နှံရမည်။

(င) ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်အခါ ရေနံဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှု ဧရိယာကို စွန့်လွှတ်ပြီး ဝန်ကြီးဌာနသို့ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်အပ်နှံရမည်။

၂၈။ (က) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ရေနံလုပ်ငန်းကို စွန့်လွှတ်ခြင်းမပြုမီ ယင်းရေနံလုပ်ငန်းနှင့် သက်ဆိုင်သည့် ကုန်ကျစရိတ်များ၊ ဆုံးရှုံးမှုများ၊ ဆောင်ရွက်ရန်ကိစ္စများနှင့် ပေးလျော်ရန် ကိစ္စများအတွက် အလုံးစုံ တာဝန်ရှိစေရမည်။ ထို့ပြင် စွန့်လွှတ်သည့် ရေနံလုပ်ကွက်တစ်ခုခုကို မူလပတ်ဝန်းကျင်အခြေအနေသို့ အနီးစပ်ဆုံး ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ပေးရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်များအတွက် သီးခြားသဘောတူညီချက်မရှိလျှင် မြန်မာ့ရေနံနှင့် သဘာဝ ဓာတ်ငွေ့လုပ်ငန်းတွင် တာဝန်မရှိစေရ။

## အခန်း (၁၃)

## ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေးများ

၂၉။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ သဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့် အခွန်ဆိုင်ရာတာဝန်ရှိမှုအပါအဝင် ခွင့်ပြုမိန့်တွင်ပါရှိသည့် စည်းကမ်းချက်များ၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) ရေနံလုပ်ငန်းလုပ်ကိုင်ရာတွင် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်းများနှင့်သက်ဆိုင်သည့် မူဝါဒများ၊ နိုင်ငံတကာရေနံလုပ်ငန်းဆိုင်ရာကျင့်စဉ်များနှင့်အညီ တာဝန်ယူဆောင်ရွက်ခြင်း၊

(ဂ) ရေနံလုပ်ငန်းလုပ်ကိုင်ရာတွင် လိုအပ်သောနည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာအထောက်အပံ့ အားလုံးကို စိုက်ထုတ်ဆောင်ရွက်ခြင်း၊

(ဃ) ရေနံလုပ်ငန်းတွင် တာဝန်ထမ်းဆောင်နေသည့် အလုပ်သမားများအား နိုင်ငံတော်အတွင်း အာမခံ လုပ်ငန်း လုပ်ကိုင်ခွင့်ရှိသည့် အာမခံလုပ်ငန်းတစ်ခုခုတွင် အာမခံထားရှိပေးခြင်း၊

(င) ရေနံလုပ်ငန်းလုပ်ကိုင်ရာတွင် နိုင်ငံသားအလုပ်သမားများနှင့် ကျွမ်းကျင်ပညာရှင်များကို ဦးစား ပေးခန့်ထားခြင်း၊ နည်းပညာလွှဲပြောင်းပေးမှုနှင့် လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် စီမံဆောင်ရွက်ခြင်း၊ ရေနံလုပ်ငန်းဆောင်ရွက်သူနှင့် တစ်ဆင့်ခံကန်ထရိုက်တာများမှလည်း ထိုသို့ ခန့်ထားဆောင်ရွက် စေရန်အတွက် တာဝန်ယူခြင်း၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် လုပ်သက်အပေါ် မူတည်ပြီး နိုင်ငံသား အလုပ်သမားများနှင့် ကျွမ်းကျင်ပညာရှင်များကို နိုင်ငံခြားသားများကဲ့သို့ တန်းတူခံစားခွင့်ပေးခြင်း၊

(စ) ရေနံလုပ်ကွက်အတွင်း ဆောင်ရွက်မည့် ရေနံလုပ်ငန်းအတွက် လိုအပ်သည့် မြေဧရိယာနှင့် ယင်းမြေပေါ်တွင် အခြေခံအဆောက်အအုံ၊ သီးပင်စားပင်များ၊ သစ်တောသစ်ပင်များအတွက် လျော်ကြေးပေးလျော်ခြင်း၊

(ဆ) ခွင့်ပြုထားသော ရေနံလုပ်ကွက်အတွင်း လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေစဉ် ရေနံမဟုတ်သော အခြားသဘာဝသယံဇာတတွင်းထွက်ပစ္စည်းတစ်မျိုးမျိုး၊ ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခု သို့မဟုတ် ရတနာသိုက်တစ်ခုခုကိုတွေ့ရှိလျှင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာနများသို့ ချက်ချင်း အကြောင်းကြားအပ်နှံခြင်း၊

(ဇ) ရေနံလုပ်ငန်းလုပ်ကိုင်ရာတွင် ဆောင်ရွက်ပြီးစီးခဲ့သည့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းထားရှိရမည့်အပြင် ခွင့်ပြုမိန့်သက်တမ်းကာလအတွင်းဖြစ်စေ၊ သက်တမ်းကုန်ဆုံးသည့် အခါဖြစ်စေ၊ ရေနံလုပ်ငန်းရပ်စဲသည့်အခါဖြစ်စေ ရေနံလုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် မတည်ရင်းနှီးပစ္စည်းများ (Physical Assests) နှင့် ယင်းလုပ်ငန်းမှ တိုင်းတာစုဆောင်းရရှိသော အချက်အလက်မူရင်းများ၊ ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ခန့်မှန်းတွက်ချက်မှုများ၊ မြေသား၊ ရေနံ၊ ဓာတုပစ္စည်းစသည့်နမူနာများ၊ သတင်းများနှင့် အစီရင်ခံစာများကို ဝန်ကြီးဌာနသို့ မပျက်မကွက် လွှဲပြောင်းပေးအပ်ခြင်း၊

(စျ) ထွက်ရှိသည့်ရေနံကို ပြည်တွင်းသုံးလိုအပ်ချက်အတွက် ပဋိညာဉ်စာချုပ်ပါ သတ်မှတ်ချက်များနှင့် အညီ ဖြည့်ဆည်းပေးခြင်း၊ နိုင်ငံတော်က ထပ်မံဝယ်ယူလိုလျှင် ကာလပေါက်ဈေးဖြင့် ဦးစားပေး ရောင်းချခြင်း၊

(ည) လုပ်ငန်းအတွက်လိုအပ်သော ပင်မကုမ္ပဏီအာမခံချက် (Parent Company Guarantee) နှင့် လုပ်ငန်းဆောင်ရွက်မှုဘဏ်အာမခံချက် (Performance Bank Guarantee) တို့ကို ပဋိညာဉ် စာချုပ်ပါသတ်မှတ်ချက်များနှင့်အညီ တင်သွင်းခြင်း၊

(ဋ) ရေနံလုပ်ငန်းအတွက် လိုအပ်သည့် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတွင်းမှ ဦးစားပေးရယူဆောင်ရွက်ခြင်း၊

(ဌ) အမှန်တကယ် ထုတ်ယူရရှိနိုင်မည့် ရေနံသိုက်ပမာဏကို နိုင်ငံတကာ ရေနံလုပ်ငန်းတွင် အတွေ့ အကြုံနှင့် ကျွမ်းကျင်မှုရှိကြောင်း ဂုဏ်သတင်းရှိသည့် တတိယကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း၏ တရားဝင်အသိအမှတ်ပြု လက်မှတ်ကိုရယူခြင်း။

(ဍ) ရေနံကိုစီးပွားဖြစ်ထုတ်ယူရရှိနိုင်ကြောင်း ရှာဖွေတွေ့ရှိပါက စည်းကမ်းချက်နှင့်အညီ ဖွံ့ဖြိုးမှုနှင့် ထုတ်လုပ်မှုအစီအစဉ် (Development and production Plan) ရေးဆွဲ၍ ဝန်ကြီးဌာနသို့ တင်ပြ အတည်ပြုချက်ရယူခြင်း၊

(ဎ) ရေနံလုပ်ကွက်များအတွင်း ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်း သို့မဟုတ် ရေနံထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းအလိုက် မူလပတ်ဝန်းကျင် အခြေအနေသို့ အနီးစပ်ဆုံး ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(ဏ) ဘေးအန္တရာယ်ရှိပစ္စည်းများနှင့် စွန့်ပစ်ပစ္စည်းများဆိုင်ရာ စီမံခန့်ခွဲမည့် အစီအစဉ်များ၊ မတော်တဆ ဖြစ်ပွားမှုအတွက် ဆောင်ရွက်မည့်အစီအမံများ၊ သဘာဝဘေးအန္တရာယ်များအတွက် အရေးပေါ် ဆောင်ရွက်မည့် အစီအမံများ ကြိုတင်ရေးဆွဲဆောင်ရွက်ခြင်း၊

(တ) ရေနံထုတ်လုပ်ခြင်းလုပ်ငန်းစဉ်ကာလအတွင်း လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် တွင်းမှထွက်ရှိလာသော သဘာဝဓာတ်ငွေ့ကို လေထုအတွင်းသို့ လွှတ်ထုတ်ခြင်း (venting) သို့မဟုတ် မီးရှို့ခြင်း (flaring) ပြုရန်လိုအပ်ပါက နိုင်ငံတကာရေနံလုပ်ငန်း ကျင့်စဉ်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ထ) လူမှုရေးတာဝန်ကျေပွန်မှု (Corporate Social Responsibility) အတွက် ဆောင်ရွက်မည့် အစီအစဉ်နှင့် သုံးစွဲမည့်ငွေပမာဏကို ပြုစုရေးဆွဲ၍ ဝန်ကြီးဌာနသို့ နှစ်စဉ် တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ခြင်း၊

(ဒ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိပါဝင်သည့် အစုရှယ်ယာ၊ အကျိုးခံစားခွင့်၊ တာဝန်နှင့် အခွင့်အရေး သို့မဟုတ် အကျိုးစီးပွား၏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အခြား အစုရှယ်ယာဝင် သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ရပ်ရပ်သို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းအတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရယူရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဓ) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အဖွဲ့အစည်းတစ်ခုထက်ပိုမိုပါက ယင်းတို့အနက်မှ အရည်အချင်းပြည့်ဝပြီး ငွေကြေးခိုင်မာတောင့်တင်း၍ ရေနံလုပ်ငန်းကျင့်စဉ်များနှင့်အညီ လုပ်ငန်းကို အကောင်းဆုံးဆောင်ရွက်နိုင်စွမ်းရှိမည့် အဖွဲ့အစည်းအား ရေနံလုပ်ငန်းဆောင်ရွက်သူအဖြစ် ခန့်အပ်၍ ရေနံလုပ်ငန်းအား ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဦးစီးလုပ်ကိုင်ဆောင်ရွက်စေခြင်း၊

(န) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အဖွဲ့အစည်းတစ်ခုထက်ပိုပါက ရေနံလုပ်ငန်းဆောင်ရွက်သူသည် ၎င်းနှင့်အကျိုးတူပူးပေါင်းထားသော ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများ၏ နိုင်ငံသားကျွမ်းကျင်ပညာရှင်များအား ကဏ္ဍအလိုက် တွဲဖက်တာဝန်ထမ်းဆောင်စေခြင်း၊

(ပ) ရေနံသိုက်တစ်ခုသည် ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ရေနံလုပ်ကွက်အပြင် အခြားရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ရေနံလုပ်ကွက်အတွင်းသို့ ဆက်စပ်တည်ရှိနေပါက အဆိုပါလုပ်ကိုင်ခွင့်ရသူများအချင်းချင်း အကျိုးရှိစွာပူးပေါင်း၍ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် ဝန်ကြီးဌာန၏ အတည်ပြုချက်နှင့်အညီ သဘောတူညီမှု ရရှိစေရန် စီမံဆောင်ရွက်ခြင်း၊

(ဖ) ရေနံသိုက်တစ်ခုသည် အိမ်နီးချင်းနိုင်ငံများနှင့် ပိုင်းခြားသတ်မှတ်ထားသည့် နယ်နိမိတ်တစ်ဖက်တစ်ချက်စီတွင် တစ်ဆက်တစ်စပ်တည်း တည်ရှိနေပါက သက်ဆိုင်ရာနိုင်ငံများ၏ အကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဗ) ရေနံထုတ်လုပ်ခြင်း လုပ်ငန်းရပ်ဆိုင်းပြီးနောက် လုပ်ငန်းတွင်တပ်ဆင်အသုံးပြုခဲ့သည့် ပစ္စည်းများနှင့် အဆောက်အအုံတို့ကို စနစ်တကျဖြုတ်သိမ်းခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်းတို့ကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ဘေးကင်းလုံခြုံစွာ ဆောင်ရွက်နိုင်ရန် သီးသန့်ရန်ပုံငွေတစ်ရပ်ထူထောင်ထားရှိခြင်း၊

(ဘ) ထွက်ရှိသောရေနံနှင့် ရောင်းချသည့်ရေနံတို့ကို နိုင်ငံတကာကလက်ခံကျင့်သုံးသည့် နည်းစဉ်များနှင့်အညီ ခေတ်မီ၍ အရည်အသွေးကောင်းမွန်သော ကိရိယာများဖြင့် တိုင်းတာခြင်း၊ စမ်းသပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း။

၃၀။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရေနံလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်နိုင်ရန် ရေနံလုပ်ကွက်နှင့် သက်ဆိုင်သည့် ဘူမိဗေဒ၊ ဘူမိရူပဗေဒနှင့် ဘူမိဓာတုဗေဒဆိုင်ရာ အချက်အလက်များကို ဝန်ကြီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းထံမှ လေ့လာကြည့်ရှုနိုင်ခြင်း၊

(ခ) ရေနံလုပ်ငန်းလုပ်ကိုင်ရာမှရရှိသော အချက်အလက်များ၊ သတင်းများကို တင်းကျပ်စွာလျှို့ဝှက်ထားရှိခြင်းနှင့် သက်ဆိုင်ရာအစိုးရအာဏာပိုင်များ၊ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ အဖွဲ့ဝင်များ၊ ငွေကြေးအဖွဲ့အစည်းများ၊ လွှဲပြောင်းလက်ခံရန် အလားအလာရှိသူများထံသို့ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ထုတ်ဖော်ပြသခွင့်ရှိခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာမှရရှိသော အချက်အလက်များ၊ သတင်းများအနက်မှ ဘူမိသိပ္ပံဆိုင်ရာ အချက်အလက်များ၊ အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အချက်အလက်များမှတစ်ပါး အခြားလုပ်ငန်းဆိုင်ရာ အချက်အလက်များ၊ ထုတ်လုပ်ခြင်းဆိုင်ရာအချက်အလက်များနှင့် ငွေကြေးဆိုင်ရာအချက်အလက်များကို ထုတ်ဖော်ပြသခွင့်ရှိခြင်း။

## အခန်း (၁၄)
## စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း

၃၁။ စစ်ဆေးရေးအရာရှိချုပ်သည် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ သင့်လျော်သောအရာရှိများအား စစ်ဆေးရေးအရာရှိများအဖြစ် ခန့်အပ်၍လည်းကောင်း၊ စစ်ဆေးရေးအဖွဲ့အဖြစ် ဖွဲ့စည်း၍လည်းကောင်း မိမိ၏ လုပ်ငန်းတာဝန်များကို လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၃၂။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များ၊ ခွင့်ပြုမိန့်ပါစည်းကမ်းချက်များ၊ ပဋိညာဉ်စာချုပ်ပါ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ စစ်ဆေးရာတွင် လိုက်နာဆောင်ရွက်ခြင်းမရှိသော ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအား စီမံခန့်ခွဲခြင်းနည်းလမ်းအရ အရေးယူဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနသို့တင်ပြခြင်း၊

(ဂ) နိုင်ငံသားအလုပ်သမားများနှင့် ကျွမ်းကျင်ပညာရှင်များခန့်ထားသည့် အစီအစဉ်များအား စစ်ဆေးခြင်း၊

(ဃ) ရေနံလုပ်ငန်းလုပ်ကိုင်လျက်ရှိသူများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ မတော်တဆဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေး၊ သက်သာချောင်ချိရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကို ကြပ်မတ်စစ်ဆေးခြင်း၊

(င) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူများက ရေနံလုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်လေ့လာသည့်စနစ်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်လေ့လာသည့်စနစ်များအပေါ် ဆောင်ရွက်ထားရှိမှုကို စစ်ဆေးခြင်း၊

(စ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်းနှင့် ယင်းတို့၏ လုပ်ငန်းဆောင်ရွက်မှုကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

## အခန်း (၁၅)
## စီမံခန့်ခွဲရေးဆိုင်ရာအမိန့်များ

၃၃။ ဝန်ကြီးဌာနသည် -

(က) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်နှင့်ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ လုပ်ကိုင်ခွင့်ပြုသည့် ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း အောက်ပါအတိုင်း စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည် -

(၁) ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(၂) ခွင့်ပြုမိန့်ကို ရုပ်သိမ်းခြင်း၊

(၃) ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်အားရပ်စဲခြင်း၊

(၄) နာမည်ပျက်ပုဂ္ဂိုလ်စာရင်း သို့မဟုတ် နာမည်ပျက်စီးပွားရေးလုပ်ငန်းစာရင်း၌ ထည့်သွင်းကြေညာခြင်း၊

(ခ) ခွင့်ပြုမိန့်ရရှိသူက ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ)၊ (ဓ)၊ (ဌ)၊ (ဎ) နှင့် (ပ) တို့ပါ တာဝန်များမှအပ အခန်း (၁၃) ပါ တာဝန်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(၁) စာဖြင့် သတိပေးခြင်း၊

(၂) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများတွင် သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(၃) ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(၄) ခွင့်ပြုမိန့်ကိုပယ်ဖျက်ခြင်း။

**အခန်း (၁၆)**
**တားမြစ်ချက်များ**

၃၄။ မည်သူမျှ ခွင့်ပြုမိန့်မရှိဘဲ ရေနံစူးစမ်းရှာဖွေခြင်းနှင့် တူးဖော်စမ်းသပ်ခြင်းလုပ်ငန်း သို့မဟုတ် ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ။

၃၅။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမျှ ရေနံလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် -

(က) သဘာဝပတ်ဝန်းကျင်ကို သတ်မှတ်ချက်များနှင့်မညီဘဲ ထိခိုက်ပျက်စီးစေခြင်း မရှိစေရ၊

(ခ) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဂ) ပုဒ်မ ၂၉၊ ပုဒ်မခွဲ (ခ)၊ (ဇ)၊ (ဍ)၊ (ဎ) နှင့် (ပ) တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၆။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမျှ ရေနံလုပ်ငန်းနှင့်စပ်လျဉ်း၍ မမှန်မကန် သတင်းပေးခြင်း၊ တင်ပြခြင်း၊ အစီရင်ခံခြင်း သို့မဟုတ် ကတိသစ္စာပြုခြင်း မပြုရ။

၃၇။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဤဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သည့် ရေနံလုပ်ငန်းကို နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မပြုရ။

**အခန်း (၁၇)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၈။ မည်သူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၅၀၀၀ မှ အများဆုံး ကျပ် သိန်း ၁၀၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၃၉။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၃၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သိန်း ၅၀၀၀ မှ အများဆုံး ကျပ် သိန်း ၁၀၀၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၀။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် သိန်း ၅၀၀ မှ အများဆုံး ကျပ် သိန်း ၁၀၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ၁ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် သိန်း ၅၀၀ မှ အများဆုံး ကျပ် သိန်း ၁၀၀၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

**အခန်း (၁၈)**
**ဘဏ္ဍာတော်ကြေးနှင့် အခြားအခွန်အခများ**

၄၂။ ခွင့်ပြုမိန့်ရရှိသူသည် ထုတ်လုပ်ရရှိသည့် ရေနံစိမ်း သို့မဟုတ် သဘာဝဓာတ်ငွေ့တွင်းထိပ်စုစုပေါင်း တန်ဖိုး သို့မဟုတ် ပမာဏ (Gross value or volume) ၏ ၁၂ ဒသမ ၅ ရာခိုင်နှုန်းကို ဝန်ကြီးဌာနက သတ်မှတ်သည့်အတိုင်း ငွေသားဖြင့်ဖြစ်စေ၊ ရေနံဖြင့်ဖြစ်စေ (in cash or in kind) ဘဏ္ဍာတော်ကြေး (Royalty) အဖြစ် နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးဆောင်ရမည်။

၄၃။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့်အတွက် အခကြေးငွေ၊ ဗွားရမ်းခ၊ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၄၄။ ခွင့်ပြုမိန့်ရရှိသည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် ဘဏ္ဍာတော်ကြေးနှင့် အခြား အခကြေးငွေများကို ငွေသားဖြင့် ပေးဆောင်ရလျှင် သတ်မှတ်ချက်များနှင့်အညီ နိုင်ငံခြားသုံးငွေဖြင့် ပေးဆောင်ရမည်။

## အခန်း (၁၉)
## အထွေထွေ

၄၅။ တည်ဆဲဥပဒေအရ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသောမြေ၏ မြေဆီလွှာတွင်ဖြစ်စေ၊ မြေဆီလွှာအောက်တွင်ဖြစ်စေ၊ ကမ်းလွန်ဒေသတွင်ဖြစ်စေ တွေ့ရှိရသော ရေနံသယံဇာတသည် နိုင်ငံတော်ပိုင်ဖြစ်သည်ဟု မှတ်ယူရမည်။

၄၆။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့်ကိုရယူရမည်။

၄၇။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လုပ်ကိုင်ခွင့်ပြုထားသည့် ရေနံလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ချုပ်ဆိုထားသည့် ပဋိညာဉ်စာချုပ်များပါ သဘောတူညီချက်များနှင့်အညီ ဆက်လက်လုပ်ကိုင်ခွင့် ရှိစေရမည်။ ယင်းပဋိညာဉ်စာချုပ်ပါ သက်တမ်းကုန်ဆုံးပါက ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။ သို့ရာတွင် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ (အမှတ် ၁၅/၂၀၁၇) ပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၄၉။ ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်း ပြုလုပ်နိုင်ရန် အတွက် သတ်မှတ်ချက်များနှင့်အညီ သီးသန့်ရန်ပုံငွေတစ်ရပ် ထားရှိဆောင်ရွက်ရမည်။

၅၀။ ရေနံလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ရေနံလုပ်ငန်းဆိုင်ရာ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သတ်မှတ်ချက်များနှင့်အညီ သီးသန့်ရန်ပုံငွေတစ်ရပ် ထားရှိဆောင်ရွက်ရမည်။

၅၁။ ရေနံလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် ရေနံလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသား အလုပ်သမားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်သင်ကြားရေး ရန်ပုံငွေ (Training Fund) ကို သတ်မှတ်ချက်များနှင့်အညီ ထူထောင်ထားရှိပြီး လေ့ကျင့်သင်ကြားရေးအတွက် စီမံ ဆောင်ရွက်ရမည်။

၅၂။ ဝန်ကြီးဌာနသည် ရေနံလုပ်ငန်း၏ ထူးခြားသောလုပ်ငန်းသဘာဝနှင့် နိုင်ငံတကာရေနံလုပ်ငန်းကျင့်စဉ်များနှင့်အညီ ကုန်းတွင်းပိုင်းဒေသနှင့် ကမ်းလွန်ဒေသ ရေနံလုပ်ငန်းများနှင့် ယင်းလုပ်ငန်းများအား အထောက်အကူပြုဆောင်ရွက်နေသည့် လုပ်ငန်းများတွင် အလှည့်ကျအလုပ်အဆိုင်းစနစ်ဖြင့် အလုပ်လုပ်ကိုင်သည့် အလုပ်သမားများအတွက် တစ်နေ့ပုံမှန်အလုပ်ချိန်၊ အလုပ်လုပ်ရက်၊ အချိန်ပိုလုပ်ခ၊ ခွင့်ရက်နှင့် အလုပ်နားရက်တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်နိုင်သည်။

၅၃။ ရေနံလုပ်ငန်းဆောင်ရွက်လိုသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ကို ရယူဆောင်ရွက်ရမည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနနှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းတို့သည် လိုအပ်သော အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၅။ ၁၉၅၇ ခုနှစ်၊ ရေနံဓာတ်ပင်ရင်းအခြေအမြစ်များ (တိုးတက်ဖြစ်ထွန်းမှု၊ စည်းမျဉ်းသတ်မှတ်မှု) အက်ဥပဒေ (၁၉၅၇ ခုနှစ်၊ အက်ဥပဒေအမှတ် ၅၅) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

**ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း**
**ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း**ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ (မူကြမ်း)
## (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်    ။)

၁၃၈၁ ခုနှစ်၊ လ ရက်

(၂၀၁၉ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **မော်တော်ယာဉ်**ဆိုသည်မှာ စက်အားကိုဖြစ်စေ၊ လျှပ်စစ်အားကိုဖြစ်စေ၊ အခြားစွမ်းအင်တစ်မျိုးမျိုးကိုဖြစ်စေ အသုံးပြု၍ မောင်းနှင်သောယာဉ်ကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ဆိုင်ကယ်၊ နောက်တွဲယာဉ်နှင့် စက်ယန္တရားတို့လည်း ပါဝင်သည်။

(ခ) **စီးပွားရေးလုပ်ငန်းသုံးမော်တော်ယာဉ်**ဆိုသည်မှာ စီးပွားရေးအလို့ငှာ ငှားရမ်းခ သို့မဟုတ် သယ်ယူပို့ဆောင်ခရယူ၍ ခရီးသည် သို့မဟုတ် ကုန်စည်ကို သယ်ယူပို့ဆောင်သောမော်တော်ယာဉ်ကို ဆိုသည်။

(ဂ) **နောက်တွဲယာဉ်**ဆိုသည်မှာ မော်တော်ယာဉ်ဖြင့်ဆွဲသည့် ဘီးတပ်ယာဉ်ကို ဆိုသည်။

(ဃ) **မော်တော်ဆိုင်ကယ်**ဆိုသည်မှာ ဘေးတွဲပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အနည်းဆုံးဘီးနှစ်ဘီးဖြင့် မောင်းနှင်သော မော်တော်ယာဉ်ကို ဆိုသည်။

(င) **မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်း**ဆိုသည်မှာ မော်တော်ယာဉ်၏ ရုပ်သဏ္ဍာန်၊ ကိုယ်ထည်၊ အင်ဂျင်၊ ဂီယာ၊ ဘောင်၊ ဝင်ရိုးနှင့် မောင်းနှင်တံ အထိုင်စနစ်တို့ကို ဆိုသည်။

(စ) **ဝန်တင်အား**ဆိုသည်မှာ မော်တော်ယာဉ်တွင် ဦးစီးဌာနက သတ်မှတ်တင်ဆောင်ခွင့်ပြုသည့် ကုန်အလေးချိန် သို့မဟုတ် ခရီးသည်အရေအတွက် သို့မဟုတ် ကုန်အလေးချိန်နှင့် ခရီးသည် အရေအတွက် စုစုပေါင်းတို့ကို ဆိုသည်။

(ဆ) **ကနဦးမှတ်ပုံတင်ခြင်း**ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ ပထမဦးဆုံးမှတ်ပုံတင်ခြင်းကို ဆိုသည်။

(ဇ) **ယာယီမှတ်ပုံတင်ခြင်း**ဆိုသည်မှာ မော်တော်ယာဉ်ကို ကနဦးမှတ်ပုံတင်ခြင်းမပြုမီ မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်း သို့မဟုတ် ပြည်ပနိုင်ငံများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မြန်မာနိုင်ငံအတွင်း နေ့ရက်၊ အချိန်နှင့် နေရာ ကန့်သတ်ချက်များဖြင့် ခေတ္တဝင်ရောက်နိုင်ရေးနှင့် ခေတ္တဖြတ်သန်းသွားလာနိုင်ရေးတို့အတွက် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းတို့ကို ဆိုသည်။

(ဈ) **နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ခြင်း**ဆိုသည်မှာ မှတ်ပုံတင်ထားသောမော်တော်ယာဉ်ကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ သက်တမ်းတိုးဆောင်ရွက်ခြင်းကို ဆိုသည်။

(ည) **မှတ်ပုံတင်အရာရှိ**ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသော ဦးစီးဌာန မှတ်ပုံတင်အရာရှိနှင့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိတို့ကို ဆိုသည်။

(ဋ) **ဦးစီးဌာနမှတ်ပုံတင်အရာရှိ**ဆိုသည်မှာ ဦးစီးဌာန၏ အရာရှိတစ်ဦးဦးအား မှတ်ပုံတင်အရာရှိအဖြစ် ဦးစီးဌာနက ခန့်အပ်တာဝန်ပေးသောသူကို ဆိုသည်။

(ဌ) **ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိ**ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများရှိ အရာရှိတစ်ဦးဦးအား ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိ အဖြစ် ဦးစီးဌာနက ခန့်အပ်တာဝန်ပေးထားသောသူကို ဆိုသည်။

(ဍ) **လိုင်စင်ထုတ်ပေးသူအရာရှိ**ဆိုသည်မှာ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်ထုတ်ပေးရန် ဦးစီးဌာနက တာဝန်ပေးအပ်ထားသောအရာရှိကို ဆိုသည်။

(ဎ) **မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (Registration Logbook of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်မှတ်ပုံတင်ထားသူကိုထုတ်ပေးသည့် မှတ်ပုံတင်ထားသော မော်တော်ယာဉ်ဆိုင်ရာ အချက်အလက်များပါဝင်သည့် မှတ်တမ်းစာအုပ်ကို ဆိုသည်။

(ဏ) **မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် (Registration Certificate of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်ကို မှတ်ပုံတင်ထားရှိကြောင်း၊ အများပြည်သူဆိုင်ရာနေရာနှင့် အခြားသွားလာခွင့်ပြုနိုင်သောနေရာများတွင် မောင်းနှင်နိုင်ကြောင်း အသိအမှတ်ပြုထုတ်ပေးသော အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

(တ) **မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ် (Vehicle Inspection Certificate VIC)** ဆိုသည်မှာ ဦးစီးဌာန သို့မဟုတ် ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိက လုပ်ငန်းအဖွဲ့ကထုတ်ပေးသော မော်တော်ယာဉ်ကြံ့ခိုင်မှုရှိကြောင်း အထောက်အထား သက်သေခံလက်မှတ်ကို ဆိုသည်။

(ထ) **မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား (Registration Number Plate of a Motor Vehicle)** ဆိုသည်မှာ မော်တော်ယာဉ်၏မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ယာဉ်၏အရှေ့နှင့် အနောက်တွင် တပ်ဆင်အသုံးပြုရန်လည်းကောင်း၊ မော်တော်ဆိုင်ကယ်၏ မှတ်ပုံတင်အမှတ်ကို ဖော်ပြလျက် မော်တော်ဆိုင်ကယ်၏အနောက်တွင် တပ်ဆင်အသုံးပြုရန်လည်းကောင်း ဦးစီးဌာနက ထုတ်ပေးထားသော နံပါတ်ပြားကို ဆိုသည်။

(ဒ) **မော်တော်ယာဉ်မှတ်ပုံတင်ထားသူ**ဆိုသည်မှာ မော်တော်ယာဉ် မှတ်ပုံတင်မှတ်တမ်းတွင် မှတ်ပုံတင်ထားသူအဖြစ် အမည်ဖော်ပြထားသူကို ဆိုသည်။

(ဓ) **မော်တော်ယာဉ်ပိုင်ရှင်**ဆိုသည်မှာ မော်တော်ယာဉ်ကို ဥပဒေနှင့်အညီ တစ်နည်းနည်းဖြင့် ပိုင်ဆိုင်သူကို ဆိုသည်။ ယင်းစကားရပ်တွင် မော်တော်ယာဉ်မှတ်ပုံတင်ထားသူ သို့မဟုတ် ဥပဒေနှင့်အညီ မော်တော်ယာဉ်ကို လက်ရှိရရှိထားသူလည်း ပါဝင်သည်။

(န) **မော်တော်ယာဉ်အတွက် တာဝန်ရှိသူ**ဆိုသည်မှာ မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ကြီးကြပ်တာဝန်ယူ ဆောင်ရွက်သူ သို့မဟုတ် မော်တော်ယာဉ်မောင်းနှင်သူကို ဆိုသည်။

(ပ) **မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း**ဆိုသည်မှာ ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ် စစ်ဆေးခြင်းလုပ်ငန်းကို သတ်မှတ်ချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက ဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(ဖ) **မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party)** ဆိုသည်မှာ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူ (Operator) များ၏ မော်တော်ယာဉ်စစ်ဆေးသည့် စက်ကိရိယာ (Vehicle Inspection Equipment) များ အရည်အသွေးပြည့်မီမှု ရှိ မရှိ၊ စစ်ဆေးခြင်းနည်းစနစ်များ မှန်ကန်မှုနှင့် တိကျမှု ရှိ မရှိ၊ စစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များ မှန်ကန်မှု ရှိ မရှိ တို့အတွက် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်မှုတို့ကိုဆောင်ရွက်မည့် ဦးစီးဌာနက သတ်မှတ်တာဝန်ပေးအပ်သော အဖွဲ့အစည်းကို ဆိုသည်။

(ဗ) **ယာဉ်မောင်းလိုင်စင်**ဆိုသည်မှာ လိုင်စင်ထုတ်ပေးသူအရာရှိက သီးခြားဖော်ပြထားသူအား မော်တော်ယာဉ်ကိုဖြစ်စေ၊ သီးခြားဖော်ပြထားသည့် အတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုတွင် ပါဝင်သော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုသည်။

(ဘ) **ယာဉ်အကူလိုင်စင်**ဆိုသည်မှာ ခရီးသည်တင်မော်တော်ယာဉ်တွင်ဖြစ်စေ၊ ကုန်တင်မော်တော်ယာဉ်တွင်ဖြစ်စေ မော်တော်ယာဉ်မောင်းသူနှင့် ခရီးသည်များကို ကူညီဆောင်ရွက်ခွင့်ပြုကြောင်း ဤဥပဒေအရထုတ်ပေးသည့် စာတမ်းအမှတ်အသားကို ဆိုသည်။

(မ) **လုပ်ငန်းလိုင်စင်**ဆိုသည်မှာ ဤဥပဒေအရထုတ်ပေးသည့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း သို့မဟုတ် မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော စာတမ်းအမှတ်အသားကို ဆိုသည်။

(ယ) **အများပြည်သူဆိုင်ရာနေရာ**ဆိုသည်မှာ အများပြည်သူတို့ ဝင်ထွက်သွားလာခွင့်ရှိသောနေရာ၊ လမ်းနယ်၊ လမ်းမကြီး၊ လမ်းသွယ်နှင့် လမ်းကြောင်းတို့ကို ဆိုသည်။

(ရ) **လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ**ဆိုသည်မှာ မော်တော်ယာဉ်မောင်းသူများ အပါအဝင် လမ်းအသုံးပြုသူများ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အချက်ပြအညွှန်း၊ အမှတ်အသားနှင့် အချက်ပြကိရိယာများကို ဆိုသည်။

(လ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေး**ဆိုသည်မှာ မော်တော်ယာဉ်ကြောင့် လေထု၊ ရေထု၊ မြေထုညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ လျော့နည်းစေရန် ထိန်းသိမ်းရေးကို ဆိုသည်။

(ဝ) **ရန်ပုံငွေ**ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ရန်ပုံငွေကို ဆိုသည်။

(သ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ဟ) **ဦးစီးဌာန**ဆိုသည်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကို ဆိုသည်။

(ဠ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ်များအား ဥပဒေနှင့်အညီ စစ်ဆေးပြီး မှတ်ပုံတင်စေရန်၊

(ခ) မော်တော်ယာဉ်အမျိုးအစားအလိုက် မောင်းနှင်မည့်သူများအား သတ်မှတ်ထားသည့်အရည်အချင်းနှင့် ပြည့်မီမှု ရှိ မရှိ စစ်ဆေးပြီး ယာဉ်မောင်းလိုင်စင် ထုတ်ပေးရန်၊

(ဂ) မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော လေထု၊ ရေထု၊ မြေထု ညစ်ညမ်းခြင်းနှင့် အသံဆူညံခြင်းတို့ လျော့နည်းစေရေး ဆောင်ရွက်ရန်၊

(ဃ) မော်တော်ယာဉ်ကြောင့် မတော်တဆဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာစေရေးအတွက် စနစ်တကျ စီမံခန့်ခွဲရန်၊

(င) ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း ပြုနိုင်ရန်၊

(စ) ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းကျဆင်းလာစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာသုံး ပို့ဆောင်ရေးစနစ်ကို ထိရောက်စွာအသုံးပြုရန်၊

(ဆ) ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်ကြောင့် ပြည်သူတို့၏အသက်နှင့် လူမှုစီးပွားဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရမှုများ လျော့နည်းလာစေရန်နှင့် လမ်းအသုံးပြုသူများသွားလာမှု လွယ်ကူချောမွေ့စေရန်။

## အခန်း (၃)
## ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၄။ ဝန်ကြီးဌာနသည် အောက်ပါကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရမည် -

(က) ပြည်တွင်း၌အသုံးပြုသည့် မော်တော်ယာဉ်များ သွားလာခွင့်ရှိသည့် နေရာဒေသတို့ကို သတ်မှတ်ခြင်းနှင့် ကန့်သတ်ခြင်း၊

(ခ) နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံဖြတ်ကျော် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်သွားလာခြင်းနှင့် သက်ဆိုင်သော ကုန်းလမ်းဖြင့် သယ်ယူပို့ဆောင်ခြင်းဆိုင်ရာ လိုက်နာရမည့်အချက်များ သတ်မှတ်ခြင်း။

၅။ ဝန်ကြီးဌာနသည် -

(က) မော်တော်ယာဉ်မတော်တဆ ထိခိုက်မှုအန္တရာယ်များ၊ မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်သော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများနှင့် မော်တော်ယာဉ်ကြောကျပ်တည်းမှုများ လျော့နည်းကျဆင်း လာစေရေးနှင့် မော်တော်ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် လေ့လာသုံးသပ်ခြင်း၊ လမ်းညွှန်ချက်များချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ပေးရမည်။

(ခ) ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးထားသော **အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးကောင်စီ** သို့ လိုအပ်သောမူဝါဒများ၊ စည်းကမ်းချက်များနှင့် လမ်းညွှန်ချက်များ ချမှတ်နိုင်ရေး အကြံပြုခြင်းများ ဆောင်ရွက်ရမည်။

(ဂ) ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရမည်။ ထူထောင်ထားသော ရန်ပုံငွေနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့ သို့မဟုတ် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းပေးထားသော **အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ** ၏ ဦးဆောင်မှုကိုခံယူလျက် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများနှင့် ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရေးလုပ်ငန်းများအတွက် သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းကို ကြီးကြပ်ခြင်းပြုလုပ်ရမည်။

(ဃ) ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများနှင့် ယာဉ်ကြောကျပ်တည်းမှု လျော့နည်းစေရေးလုပ်ငန်းများအတွက် ရန်ပုံငွေသုံးစွဲခြင်းနှင့် ကြီးကြပ်ခြင်းတို့အား လိုအပ်ပါက ဦးစီးဌာနသို့ လွှဲပြောင်းဆောင်ရွက်စေနိုင်သည်။

၆။ ဝန်ကြီးဌာနသည် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်နှင့် ယာဉ်မောင်းနှင်ခွင့်လက်မှတ် ထုတ်ပေးခြင်းဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခကြေးငွေနှင့် ဒဏ်ကြေးငွေများ၊ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်သူက ကောက်ခံရရှိသော သတ်မှတ်ယာဉ်စစ်ဆေးခမှ ဦးစီးဌာနသို့ ပေးသွင်းစေရမည့် အခကြေးငွေများနှင့် ဒဏ်ကြေးငွေများ၊ ဤဥပဒေနှင့် နည်းဥပဒေများနှင့်အညီ သတ်မှတ်ကောက်ခံမည့် မော်တော်ယာဉ်စီမံခန့်ခွဲခြင်းဆိုင်ရာ အခကြေးငွေများနှင့် ဒဏ်ကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ခြင်း၊ လိုအပ်သလိုပြင်ဆင်ခြင်း ပြုနိုင်သည်။

၇။ ဝန်ကြီးဌာနသည် -

(က) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အများပြည်သူအကျိုးငှာ မည်သည့်မော်တော်ယာဉ်ကိုမဆို မှတ်ပုံတင်ရာတွင် မှတ်ပုံတင်ခ၊ ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာနှင့် ယာဉ်မောင်းလိုင်စင်ဆိုင်ရာ အခြားအခကြေးငွေတို့ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) မော်တော်ယာဉ် အသုံးပြုနိုင်မည့်သက်တမ်းကို သတ်မှတ်ပေးရမည်။

၈။ ဝန်ကြီးဌာနသည် -

(က) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို စစ်ဆေးရန်အတွက် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party) ကို သဘောတူစာချုပ်ချုပ်ဆို၍ စည်းကမ်းချက်များ သတ်မှတ်ပြီး တာဝန်ပေးအပ်နိုင်သည်။

(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party) အနေဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဦးစီးဌာနက ပေးချေရမည့်ဝန်ဆောင်ခကို သတ်မှတ်ပေးရမည်။ ယင်းအဖွဲ့၏သက်တမ်းကာလတို့ကိုလည်း သတ်မှတ်ရမည်။

## အခန်း (၄)
## ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မော်တော်ယာဉ် မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ခ) မော်တော်ယာဉ် စစ်ဆေးခြင်းဆိုင်ရာလုပ်ငန်းများနှင့် စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ဂ) ပြည်တွင်းသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်ပမှတ်ပုံတင် မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ပြည်ပသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်တွင်းမှတ်ပုံတင် မော်တော်ယာဉ်ကိုသော်လည်းကောင်း နိုင်ငံတကာနှင့် ဒေသတွင်း နိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဃ) ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာသဘောတူညီချက်များအရ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများမှ ထုတ်ပေးသော ယာဉ်မောင်းလိုင်စင်ကို အသိအမှတ်ပြု မောင်းနှင်ခွင့်ပြုခြင်း၊

(င) မော်တော်ယာဉ်များနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ဆောင်ရွက်ခြင်း၊

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party) အနေဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ဦးစီးဌာနက ပေးချေရမည့်ဝန်ဆောင်ခကို ပေးချေခြင်း၊

(ဇ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင် လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သက်တမ်းတိုးခြင်း၊ မောင်းနှင်ခွင့်နှင့် သုံးစွဲခွင့်ဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ဈ) အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် အသစ်ထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်း၊

(ည) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များသတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း၊

(ဋ) ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) လမ်းညွှန်၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း၊

(ဍ) အများပြည်သူဆိုင်ရာလမ်းများတွင် ယာဉ်သွားလာမှုအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းအန္တရာယ်ကင်းရှင်းရေး စိစစ်အကဲဖြတ်လုပ်ငန်းစဉ် (Road Safety Audit) များ ဆောင်ရွက်ခြင်း၊

(ဎ) အများပြည်သူဆိုင်ရာနေရာတွင် ဆောင်ရွက်သည့် တည်ဆောက်မှုလုပ်ငန်းများအပေါ် ကြိုတင်ပြင်ဆင်ဆဲကာလတွင်ဖြစ်စေ၊ ဆောက်လုပ်ဆဲကာလတွင်ဖြစ်စေ၊ အသုံးပြုနေသည့်ကာလတွင်ဖြစ်စေ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်များနှင့် သုံးသပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ ပေးပို့ခြင်း၊

(ဏ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း၊

(တ) ယာဉ်မတော်တဆမှုများနှင့်စပ်လျဉ်း၍ လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ထ) ယာဉ်ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဒ) အများပြည်သူသုံး လမ်းပေါ်တွင်သွားလာနေသည့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမြန်နှုန်းသတ်မှတ်ခြင်း၊

(ဓ) မော်တော်ယာဉ်၏ မှတ်ပုံတင်သက်တမ်းကာလ သတ်မှတ်ခြင်းနှင့် မော်တော်ယာဉ်နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်ပေးခြင်း၊

(န) မော်တော်ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ရသည့်အကြောင်းအရင်းကို စုံစမ်းစစ်ဆေးခြင်းနှင့် အလားတူ မတော်တဆမှုများဖြစ်ပေါ်ခြင်းမရှိစေနိုင်ရန် ကြိုတင်ကာကွယ်မှုများပြုလုပ်ခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အကြံပြုခြင်း။

## အခန်း (၅)
## မော်တော်ယာဉ်မှတ်ပုံတင်ခြင်း

၁၀။ ဦးစီးဌာနသည် -

(က) ဦးစီးဌာနရှိ အရာရှိများအနက် သင့်လျော်သောအရာရှိများကို ဦးစီးဌာန မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ အရာရှိများအနက် သင့်လျော်သောအရာရှိများကို ဒေသဆိုင်ရာမှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၁။ ဦးစီးဌာနသည် -

(က) မော်တော်ယာဉ်ကို ကနဦးမှတ်ပုံတင်ခြင်းမပြုမီ စည်းကမ်းချက်များသတ်မှတ်၍ ယာယီမှတ်ပုံတင်ခြင်း လုပ်ငန်းများနှင့် ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများလုပ်ကိုင်ရန် ဦးစီးဌာနမှတ်ပုံတင်အရာရှိများကို တာဝန်ပေးအပ်ရမည်။ သို့ရာတွင် လိုအပ်ပါက သင့်လျော်သည့်ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများကိုလည်း တာဝန်ပေးအပ်နိုင်သည်။

(ခ) ပြည်ပနိုင်ငံများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ မြန်မာနိုင်ငံအတွင်း ခေတ္တဝင်ရောက်ခြင်းနှင့် ခေတ္တဖြတ်သန်းသွားလာခြင်းအတွက် ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

(ဂ) စည်းကမ်းချက်များသတ်မှတ်၍ နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်းသည့် အခြားလုပ်ငန်းများဆောင်ရွက်ရန် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

၁၂။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

၁၃။ မော်တော်ယာဉ်ပိုင်ရှင်သည် -

(က) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် ဦးစီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင် ထားရှိရမည်။

(ခ) အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ငြိစွန်းသော မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့်မရှိစေရ -

(၁) စက်ချွတ်ယွင်းပျက်စီးနေခြင်း၊

(၂) ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် မညီညွတ်ခြင်း၊

(၃) နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် မညီညွတ်ခြင်း၊

(၄) မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးကြောင်း ဖော်ပြရန်ပျက်ကွက်ခြင်း။

၁၄။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို ယာယီမှတ်ပုံတင်ပေးရန်လည်းကောင်း၊ ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင်အမှတ်အသားထုတ်ပေးရန်လည်းကောင်း သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မော်တော်ယာဉ်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ယာယီမှတ်ပုံတင်ပေးပြီး ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင် အမှတ်အသား ထုတ်ပေးနိုင်သည်။

၁၅။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ် ကနဦးမှတ်ပုံတင်ရန် လျှောက်ထားချက်များကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန်ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၆။ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများသည် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ရန် သို့မဟုတ် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်ရန် ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်းပြုရန် သဘောထားမှတ်ချက်ဖြင့် ဦးစီးဌာနသို့ တင်ပြရမည် -

(၁) အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ချို့ယွင်းချက်တစ်ခုခုကို မော်တော်ယာဉ်တွင် စစ်ဆေးတွေ့ရှိခြင်း၊

(၂) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းကို ပြောင်းလဲပြင်ဆင်ခြင်း၊

(၃) အခါအားလျော်စွာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်ကိုက်ညီမှုရှိစေရေး ထပ်မံစိစစ်ရန်ကိစ္စရပ်များ စစ်ဆေးတွေ့ရှိခြင်း။

၁၇။ ဦးစီးဌာနမှတ်ပုံတင်အရာရှိသည် -

(က) ပုဒ်မ ၁၆ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အကျုံးဝင်သည့်ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မ ၁၆ (ဂ) အရ တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်ခြင်း မရှိကြောင်းတွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်းပြုနိုင်သည်။

၁၈။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် ဝန်တင်အားပေါ် မူတည်၍ မော်တော်ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၁၉။ မော်တော်ယာဉ်ပိုင်ရှင်သည် စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရန် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၀။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူအပါအဝင် တစ်နည်းနည်းဖြင့် မော်တော်ယာဉ်ကို တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူသည်လည်းကောင်း၊ ထိုသူတစ်ဦးဦးမှာ အရွယ်မရောက်သေးသူဖြစ်လျှင် အဆိုပါအရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူသည်လည်းကောင်း သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၁။ မော်တော်ယာဉ် မှတ်ပုံတင်ထားသူသည် နေရပ်လိပ်စာ ပြောင်းလဲသည့်အခါတိုင်း ပြောင်းလဲသည့် နေရပ်လိပ်စာကို မှတ်တမ်းတင်ရန် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

၂၂။ (က) ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၄ (က) ပါ ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိကသော်လည်းကောင်း၊ ဦးစီးဌာန မှတ်ပုံတင်အရာရှိက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့်သော်လည်းကောင်း ခွင့်ပြုခြင်း သို့မဟုတ် မော်တော်ယာဉ်တွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်များ ပြောင်းလဲခြင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၀ သို့မဟုတ် ပုဒ်မ ၂၁ ပါ ကိစ္စရပ်တစ်ခုခုနှင့်စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိက ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် မော်တော်ယာဉ်တွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်များ ပြောင်းလဲခြင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

၂၃။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ် မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီ နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်ပေးရန် သက်ဆိုင်ရာမှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်ဖြစ်ပြီး မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးမှ လျှောက်ထားပါက ဦးစီးဌာနက သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၂၄။ မော်တော်ယာဉ်ပိုင်ရှင်သည် -

(က) မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ ဆောင်ရွက်လိုပါက သက်ဆိုင်ရာမှတ်ပုံတင် အရာရှိထံ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ပုဒ်မ ၂၆ (ခ) ပါ ကိစ္စရပ်များမှအပ မော်တော်ယာဉ်ကို ပြောင်းလဲပြင်ဆင်ခြင်းများ ပြုလုပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနက သတ်မှတ် ထားသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၂၅။ သက်ဆိုင်ရာမှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်လာပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းနိုင်သည် -

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ မော်တော်ယာဉ်ပိုင်ရှင်ကို ဆင့်ခေါ်ရာတွင် ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လာရောက်ရန် ပျက်ကွက်ခြင်း၊

(ခ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက သတ်မှတ်ချက်များနှင့်အညီ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်လာခြင်း၊

(ဂ) တစ်ဦးတစ်ယောက်က မော်တော်ယာဉ်သည် ယာဉ်အန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုရှိကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်လာခြင်း။

၂၆။ (က) ဦးစီးဌာနမှတ်ပုံတင်အရာရှိသည် အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ဖြစ်ပွားလျှင် ညွှန်ကြားရေးမှူးချုပ်၏အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမည် -

(၁) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်ရန် ပြန်လည်ပြင်ဆင်၍ မရနိုင်သည် အထိ ပျက်စီးခြင်း၊

(၂) မော်တော်ယာဉ်ကို မြန်မာနိုင်ငံပြင်ပသို့ အပြီးအပိုင် ယူဆောင်သွားခြင်း၊

(၃) **မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် ပုဒ်မ ၂၃ အရ နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် တစ်ဆက်တည်း ၅ နှစ် ပျက်ကွက်ခြင်း၊**

(၄) မော်တော်ယာဉ် အသုံးပြုနိုင်မည့်သက်တမ်း ကျော်လွန်ခြင်း၊

(၅) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းပေးရန် မော်တော်ယာဉ်ပိုင်ရှင်က အထောက်အထားခိုင်လုံစွာဖြင့် လျှောက်ထားခြင်း။

(ခ) ဦးစီးဌာနသည် မော်တော်ယာဉ် အဓိကအစိတ်အပိုင်းများနှင့် အခြားအချက်အလက်များ ပြောင်းလဲခြင်းတွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်ပြောင်းလဲခြင်းများ စစ်ဆေးတွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုရမည်။

## အခန်း (၆)

## မော်တော်ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်များ

၂၇။ ဦးစီးဌာနသည် အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် အသစ်ထုတ်ပေးခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင်တို့နှင့်စပ်လျဉ်း၍ အသစ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်းနှင့် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အခြားလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန် မိမိဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သင့်လျော်သော အရာရှိများအား လိုင်စင်ထုတ်ပေးသူ အရာရှိများအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၂၈။ ဦးစီးဌာနသည် မောင်းနှင်ခွင့်ရှိသည့် မော်တော်ယာဉ်အမျိုးအစားအလိုက် ယာဉ်မောင်းလိုင်စင် အမျိုးအစားများကို သတ်မှတ်ရမည်။

၂၉။ (က) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ရရှိလိုသူသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူ အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးလိုသူသည် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူ အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၀။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် -

(က) ပုဒ်မ ၂၉ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး -

(၁) သတ်မှတ်ချက်များနှင့်ညီညွတ်၍ စစ်ဆေးမှုအောင်မြင်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကို ဦးစီးဌာနက သတ်မှတ်ထားသည့် သက်တမ်းအတိုင်းသတ်မှတ်၍ ထုတ်ပေးရမည်။

(၂) အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ပေါ်ပေါက်ပါက ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း ပြုနိုင်သည် -

(ကက) **လုံခြုံစိတ်ချရပြီး အန္တရာယ်ကင်းရှင်းစွာ မော်တော်ယာဉ် မောင်းနှင်နိုင်စွမ်း သို့မဟုတ် ယာဉ်အကူအဖြစ် ဆောင်ရွက်နိုင်စွမ်းမရှိသော ရောဂါ သို့မဟုတ် မသန်မစွမ်းမှု တစ်ခုခုဖြစ်နေခြင်း၊**

(ခခ) စိတ်ကျန်းမာကြံ့ခိုင်မှု မရှိခြင်း၊

(ဂဂ) ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ထုတ်ပေးရန် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်မှုမရှိခြင်း၊

(ဃဃ) ရာဇသတ်ကြီးပါ ယာဉ်မတော်တဆထိခိုက်မှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူဖြစ်ခြင်း။

(ခ) ပုဒ်မ ၂၉ (ခ) အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ပြုနိုင်သည်။

၃၁။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင်ရရှိသူက အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ်ပေါ် ပေါက်ကြောင်းတွေ့ရှိပါက ယာဉ်မောင်းလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည် -

(က) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရဖြစ်စေ၊ နည်းဥပဒေများပါ ပြစ်မှုတစ်ရပ်ရပ်အရဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူဖြစ်ခြင်း၊

(ခ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူဖြစ်ခြင်း၊

(ဂ) ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်ချက်ဟောင်းမှတ်တမ်းရှိသည့်အပြင် ထိုသူ၏ မော်တော်ယာဉ်မောင်းနှင်ခြင်းမှာ အများပြည်သူတို့အား ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မောင်းနှင်မှုဖြစ်ခြင်း။

၃၂။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိနှင့် ရဲအရာရှိတို့သည် ယာဉ်မောင်းလိုင်စင်ရရှိသူက ဤဥပဒေနှင့် နည်းဥပဒေများပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်သော်လည်းကောင်း ထိုသူကို ကျူးလွန်သည့်ပြစ်မှုအတွက် အမှတ်ပေး၍ အပြစ်ပေး အရေးယူသည့်စနစ် (Demerit Point System) ကို သတ်မှတ်ချက်နှင့်အညီ ကျင့်သုံးနိုင်သည်။

၃၃။ ယာဉ်မောင်းလိုင်စင်အမျိုးအစားတစ်ခုမှ အခြားအမျိုးအစားတစ်ခုသို့ ပြောင်းလဲပေးရန် လျှောက်ထားခြင်းတွင် သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် သတ်မှတ်ချက်များနှင့်အညီ စစ်ဆေး၍ ယာဉ်မောင်းလိုင်စင် ပြောင်းလဲထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၄။ ဦးစီးဌာန၏လိုင်စင်ထုတ်ပေးသူအရာရှိသည် အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၅။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်တင်ပြ၍ ပြည်တွင်းတွင်မောင်းနှင်ရန် လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်း သို့မဟုတ် စစ်ဆေးခြင်းပြု၍ ယာဉ်မောင်းလိုင်စင်ကို ဖြစ်စေ၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်ကိုဖြစ်စေ ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

**ရှင်းလင်းချက်**။ ပြည်ပမှထုတ်ပေးသော ယာဉ်မောင်းလိုင်စင်ဆိုရာတွင် ပုဒ်မ ၉ (ဃ) တွင်ပါရှိသော ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်သူများက ပြည်တွင်းယာဉ်မောင်းလိုင်စင်ကို ရယူလိုသည့်အခါ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍လည်း သက်ဆိုင်စေရမည်။

၃၆။ သက်ဆိုင်ရာလိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်အကူက ဤဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ယာဉ်မတော်တဆမှုဆိုင်ရာ ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်သော်လည်းကောင်း ၎င်း၏ ယာဉ်အကူလိုင်စင်ကို ကာလသတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်း ပြုနိုင်သည်။

၃၇။ သက်ဆိုင်ရာ လိုင်စင်ထုတ်ပေးသူအရာရှိသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင်ကိုင်ဆောင်သူက သတ်မှတ်ထားသည့်စည်းကမ်းကို လိုက်နာရန်ပျက်ကွက်မှုကို မှတ်တမ်းတင်ထားရမည်။ ယင်းမှတ်တမ်းသည် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်အကူလိုင်စင် သက်တမ်းတိုးခြင်းနှင့် ယာဉ်မောင်းလိုင်စင် အမျိုးအစားပြောင်းလဲပေးရန် လျှောက်ထားခြင်း၊ လိုင်စင်ကို ယာယီရပ်ဆိုင်းခြင်းနှင့် ဖျက်သိမ်းခြင်း ကိစ္စတို့တွင် ထည့်သွင်းစဉ်းစားရမည့်အချက်များ ဖြစ်စေရမည်။

## အခန်း (၇)
## လုပ်ငန်းလိုင်စင်

၃၈။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်း လုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၃၉။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၃၈ အရ လျှောက်ထားမှုကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များကို သတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၀။ မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် ဦးစီးဌာနသို့ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းလိုင်စင် လျှောက်ထားရမည်။

၄၁။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၄၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုပါက သတ်မှတ်ထားသော လုပ်ငန်းလိုင်စင်ကြေးကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်သက်တမ်းနှင့် စည်းကမ်းချက်များကိုသတ်မှတ်၍ လျှောက်ထားသူအား လုပ်ငန်းလိုင်စင် ထုတ်ပေးရမည်။

၄၂။ လုပ်ငန်းလိုင်စင်ရရှိသူသည် -

(က) သတ်မှတ်ထားသော လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်၊

(ခ) ခွင့်ပြုထားသော လုပ်ငန်းလိုင်စင် သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၃။ လုပ်ငန်းလိုင်စင်ရရှိသူက သတ်မှတ်ထားသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း တွေ့ရှိပါက ဦးစီးဌာနသည် ထိုလုပ်ငန်း လိုင်စင်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးပြီး သတ်မှတ်ထားသော ဒဏ်ကြေးကို ပေးဆောင်စေခြင်း၊

(ခ) ကာလသတ်မှတ်၍ လုပ်ငန်းလိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ဂ) လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း။

## အခန်း (၈)
## အယူခံခြင်း

၄၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိက ပုဒ်မ ၁၅၊ ၁၆ (က)၊ ၂၂ နှင့် ၂၅ အရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၄၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၄၄ အရ အယူခံမှုကို စိစစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိကချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပုဒ်မ ၄၅ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၄၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိကဖြစ်စေ ပုဒ်မ ၁၅၊ ၁၆ (က)၊ ၂၂ နှင့် ၂၅ အရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၄၈။ ဦးစီးဌာနသည် ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ တို့အရ အယူခံမှုကို စိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မှတ်ပုံတင်အရာရှိကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်အရာရှိကဖြစ်စေ ချမှတ်သည့်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၉။ (က) ဦးစီးဌာနကဖြစ်စေ၊ ဦးစီးဌာန မှတ်ပုံတင်အရာရှိကဖြစ်စေ ပုဒ်မ ၁၅၊ ၁၇၊ ၂၂ (က)၊ ၂၄ (ခ)၊ ၂၅၊ ၂၆၊ ၃၉ (က)၊ ၄၁ (က)၊ ၄၃ နှင့် ၄၈ အရ ချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ဦးစီးဌာန သို့မဟုတ် ဦးစီးဌာန မှတ်ပုံတင်အရာရှိက ချမှတ်သည့် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ် ဖြစ်သည်။

၅၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၀ (က) (၂)၊ ၃၀ (ခ)၊ ၃၁၊ ၃၃၊ ၃၅ နှင့် ၃၆ အရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် ပုဒ်မ ၅၀ အရ အယူခံမှုကို စိစစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ချမှတ်သည့်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ပုဒ်မ ၅၁ အရ ချမှတ်သည့် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိကဖြစ်စေ၊ ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိကဖြစ်စေ ပုဒ်မ ၃၀ (က) (၂)၊ ၃၀ (ခ)၊ ၃၁၊ ၃၃၊ ၃၅ နှင့် ၃၆ အရ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ ဆုံးဖြတ်ချက်ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ အယူခံနိုင်သည်။

၅၄။ ဦးစီးဌာနသည် ပုဒ်မ ၅၂ နှင့် ပုဒ်မ ၅၃ တို့အရ အယူခံမှုကိုစိစစ်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လိုင်စင်ထုတ်ပေးသူအရာရှိက ချမှတ်သည့်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၅။ (က) ဦးစီးဌာန၏လိုင်စင်ထုတ်ပေးသူအရာရှိက ပုဒ်မ ၃၀ (က) (၂)၊ ၃၀ (ခ)၊ ၃၁၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆ နှင့် ဦးစီးဌာနက ပုဒ်မ ၅၄ အရချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ထိုသို့ဆုံးဖြတ်ချက် ချမှတ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ အယူခံမှုကို စိစစ်ပြီး ဦးစီးဌာနနှင့် ဦးစီးဌာန၏ လိုင်စင်ထုတ်ပေးသူအရာရှိက ချမှတ်သည့်ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏အဆုံးအဖြတ်သည် စီမံခန့်ခွဲရေးနည်းလမ်းအရ အပြီးအပြတ် ဖြစ်သည်။

## အခန်း (၉)
## လျော်ကြေးငွေပေးဆောင်ခြင်း

၅၆။ မော်တော်ယာဉ်နှင့်စပ်လျဉ်း၍ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ခုခုကြောင့် တစ်ဦးတစ်ယောက်သောသူသည် ရာဇသတ်ကြီးပုဒ်မ ၂၇၉၊ ၃၃၇၊ ၃၃၈ သို့မဟုတ် ပုဒ်မ ၃၀၄ (က) အရ ပြစ်မှုထင်ရှားစီရင်ခံရ၍ ထိုပြုလုပ်သည့် သို့မဟုတ် ပျက်ကွက်သည့်ကိစ္စကြောင့် ပစ္စည်းတစ်ခုခု ပျက်စီးဆုံးရှုံးလျှင် တရားရုံးသည် ယင်းပစ္စည်းပျက်စီးဆုံးရှုံးမှုအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) အစိုးရဌာန၊ အဖွဲ့အစည်းပိုင်ပစ္စည်းတစ်ခုခုပျက်စီးလျှင် အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့်လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့်ပစ္စည်းမှအပ အခြားပစ္စည်းတစ်ခုခုပျက်စီးလျှင် ပစ္စည်းပိုင်ရှင်နှင့် ပြစ်မှုကျူးလွန်သူ နှစ်ဖက်သဘောတူညီမှုမရပါက အဆိုပါပစ္စည်းကို ပြုပြင်ရန် သို့မဟုတ် အစားထိုးရန် လုံလောက်သည့် လျော်ကြေးငွေပေးစေရန် အမိန့်ချမှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် လျော်ကြေးငွေကိုပေးရန် ပျက်ကွက်လျှင် အဆိုပါလျော်ကြေးငွေကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၅၇။ ပုဒ်မ ၅၆ အရ ချမှတ်သည့်အမိန့်သည် နစ်နာသူက တရားမမှုစွဲဆိုခွင့်ကို ပိတ်ပင်ခြင်း မရှိစေရ။

## အခန်း (၁၀)
## စည်းကမ်းထိန်းသိမ်းခြင်းနှင့် အရေးယူခြင်း

၅၈။ ဝန်ကြီးဌာနသည် ဤဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းများနှင့် စည်းကမ်းချက်များတို့ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန်ပျက်ကွက်သူအား စစ်ဆေးအရေးယူရန် ဦးစီးဌာနကိုသော်လည်းကောင်း၊ ဦးစီးဌာနမှသင့်လျော်သည့် အရာရှိတစ်ဦးဦးကိုသော်လည်းကောင်း တာဝန်ပေးအပ်နိုင်သည်။

၅၉။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်သည် အောက်ပါ အခြေအနေတစ်ရပ်ရပ်တွင် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်-

(၁) သတ်မှတ်ထားသောပမာဏထက်ပို၍ အရက်သေစာ သောက်စားမူးယစ်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၂) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊

(၃) ဘေးအန္တရာယ်ဖြစ်စေနိုင်သည်အထိ မော်တော်ယာဉ်ကို မဆင်မခြင် သို့မဟုတ် အရှိန်ပြင်းစွာ သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း၊

(၄) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း။

(ခ) ပုဒ်မခွဲ (က) (၁) အရ ဖမ်းဆီးခံရသည့် သူတစ်ဦးဦးကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း စစ်ဆေးပြီး အချုပ်မှ လွှတ်ရမည်။

(ဂ) ပုဒ်မခွဲ (က) (၂)၊ (၃) နှင့် (၄) တို့ပါ အခြေအနေတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ဖမ်းဆီးခံရသည့် သူတစ်ဦးဦးကို သက်ဆိုင်ရာတည်ဆဲဥပဒေအရ အရေးယူရမည်။

၆၀။ (က) ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဝတ်စုံဝတ်ဆင်ထားသည့် ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်သည် အောက်ပါတစ်ဦးတစ်ယောက်သောသူကို ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည် -

(၁) ဤဥပဒေပါ ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ စွပ်စွဲခံရသူအား အမည်နှင့် နေရပ်လိပ်စာ ဖော်ပြစေလိုကြောင်း မေးမြန်းသည့်အခါ ဖော်ပြရန် ငြင်းဆိုသူ သို့မဟုတ် ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်က ထိုသူဖော်ပြသော အမည်နှင့် နေရပ်လိပ်စာသည် မှန်ကန်ခြင်းမရှိဟု ယူဆခြင်းခံရသူ၊

(၂) ဤဥပဒေပါပြစ်မှု သို့မဟုတ် နည်းဥပဒေများပါ ပြစ်မှုတစ်ခုခုတွင် ပါဝင်သက်ဆိုင်၍ သို့မဟုတ် ပါဝင်သက်ဆိုင်သည်ဟု သင်္ကာမကင်းဖွယ်ရာ အကြောင်းရှိ၍ ထွက်ပြေးတိမ်းရှောင်မည်ဟု သို့မဟုတ် သမ္မန်စာချအပ်ခြင်း မခံရအောင် အခြားနည်း ရှောင်ရှားနေမည်ဟု အဆိုပါ ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်က ယုံကြည်ရန် အကြောင်းရှိသောသူ။

(ခ) ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင်သည် မော်တော်ယာဉ်မောင်းနှင်သူအား ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် မော်တော်ယာဉ်ကို လုံခြုံစွာ ယာယီထိန်းသိမ်းထားရန် လိုအပ်ပါက မိမိသင့်သည်ဟု ထင်မြင်ယူဆသည့်အတိုင်း အရေးယူဆောင်ရွက်နိုင်သည် သို့မဟုတ် အရေးယူဆောင်ရွက်စေနိုင်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မော်တော်ယာဉ်ကို ရွှေ့ပြောင်းနေရာချထားရန် လိုအပ်ပါက ယာဉ်အန္တရာယ်ကင်းရှင်းစေရန် ဆောင်ရွက်ရမည်။

၆၁။ (က) ရဲအရာရှိ သို့မဟုတ် အဆိုပါ ရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့်အထက် တပ်ဖွဲ့ဝင် သို့မဟုတ် ဝန်ကြီးဌာနက တာဝန်ပေးအပ်သည့် ဦးစီးဌာနမှ အရာရှိသည် ဤဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းများနှင့် စည်းကမ်းချက်များ တို့ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်မောင်းသူ လက်ရှိထားသော ယာဉ်မောင်းလိုင်စင် သို့မဟုတ် ယာဉ်နှင့်ပတ်သက်သော စာတမ်းအမှတ်အသားများကို သိမ်းယူနိုင်သည်။ ယင်းသို့ သိမ်းယူလျှင် သိမ်းယူထားကြောင်း အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရမည်။

( ခ ) ယာဉ်မောင်းလိုင်စင် သိမ်းယူထားကြောင်း အသိအမှတ်ပြုလက်မှတ်ဖြင့် မော်တော်ယာဉ်ကို နေထိုင်ရာဥပစာသို့ ပြန်လည်ယူဆောင်ရန်အတွက်သာ ယာဉ်မောင်းနှင်ခွင့်ရှိသည်။

၆၂။ ရဲအရာရှိ သို့မဟုတ် အဆိုပါရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့် အထက် တပ်ဖွဲ့ဝင်ကဖြစ်စေ၊ ဝန်ကြီးဌာနက တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစီးဌာနမှ အရာရှိကဖြစ်စေ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ မော်တော်ယာဉ် စစ်ဆေးချက် သက်သေခံလက်မှတ်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့် လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြားများကို စစ်ဆေးရာတွင် ယင်းလိုင်စင်နှင့် လက်မှတ်များမှာ အစစ်အမှန်မဟုတ်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင် အဆိုပါ သက်သေခံအထောက်အထားများကို သိမ်းယူပြီး တည်ဆဲဥပဒေတစ်ရပ်ရပ်အရ လိုအပ်သလို ဆက်လက်အရေးယူ ဆောင်ရွက်ရမည်။

၆၃။ ရဲအရာရှိ သို့မဟုတ် အဆိုပါရဲအရာရှိက ၎င်းကိုယ်စား တာဝန်ပေးအပ်ထားသော ရဲဒုတပ်ကြပ်နှင့် အထက် တပ်ဖွဲ့ဝင် သို့မဟုတ် ဦးစီးဌာနမှအရာရှိသည် သီးခြားခွင့်ပြုထားသောနေရာမှအပ အများပြည်သူ ဆိုင်ရာနေရာအပါအဝင် မည်သည့်နေရာတွင် **မဆို** အောက်ပါမော်တော်ယာဉ်အား စစ်ဆေးတွေ့ရှိလျှင် ယင်းမော်တော်ယာဉ်ကို ယာယီထိန်းသိမ်းနိုင်ရန် အနီးဆုံးရဲစခန်းတွင် အပ်နှံရမည် -

( က ) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်၊

( ခ ) မှတ်ပုံတင်ဖျက်သိမ်းထားပြီးသော မော်တော်ယာဉ်။

## အခန်း (၁၁)

## ယာဉ်အန္တရာယ်ကင်းရှင်းရေး ရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်း

၆၄။ ဝန်ကြီးဌာနသည် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည် -

( က ) ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

( ခ ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများ၊

( ဂ ) **ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေမှအပ အထက်ပုဒ်မခွဲ (ခ) ပါ ထောက်ပံ့ငွေနှင့် လှူဒါန်းငွေများမှ ရရှိသည့်ငွေဖြင့် တရားဝင်တိုးပွားသည့်ငွေများ။**

၆၅။ ဝန်ကြီးဌာနသည် ယာဉ်အန္တရာယ်ကင်းရှင်းရေး ရန်ပုံငွေဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် **ညှိနှိုင်း၍ ရေးဆွဲရမည်။**

၆၆။ ဝန်ကြီးဌာနသည် ယာဉ်အန္တရာယ်ကင်းရှင်းရေး ရန်ပုံငွေနှင့်စပ်လျဉ်း၍ -

( က ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပြုရမည်။

( ခ ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှု ခံယူရမည်။

## အခန်း (၁၂)

## တားမြစ်ချက်များ

၆၇။ မည်သူမျှ -

( က ) မိမိအားထုတ်ပေးထားသည့် ယာဉ်မောင်းလိုင်စင်ကို မိမိနှင့်တစ်ပါတည်းယူဆောင်ခြင်းမရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

( ခ ) မိမိအားထုတ်ပေးထားသည့် ယာဉ်အကူလိုင်စင်ကို မိမိနှင့်တစ်ပါတည်း ယူဆောင်ခြင်းမရှိဘဲ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ၊

(ဂ) သက်တမ်းကုန်ဆုံးနေသော ယာဉ်မောင်းလိုင်စင်ကို အသုံးပြု၍ မော်တော်ယာဉ်ကိုမောင်းနှင်ခြင်း မပြုရ၊

(ဃ) သက်တမ်းကုန်ဆုံးနေသော ယာဉ်အကူလိုင်စင်ကိုအသုံးပြု၍ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ၊

(င) စိတ် သို့မဟုတ် ကိုယ်၏အခြေအနေမှာ မော်တော်ယာဉ်ကို မောင်းနှင်ရန် သင့်လျော်ခြင်းမရှိသည့် အခြေအနေတွင် မောင်းနှင်ခြင်း မပြုရ၊

(စ) သတ်မှတ်ထားသည့် ဝန်တင်အားထက်ပိုသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဆ) မော်တော်ယာဉ်တွင် ခွင့်ပြုချက်မရှိဘဲ အပိုမီးလုံး သို့မဟုတ် အပိုမီးတန်း တပ်ဆင်မောင်းနှင်ခြင်း မပြုရ၊

(ဇ) ခြေကျင်လမ်းကူးနေရာနှင့်သက်ဆိုင်သည့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဆန့်ကျင်၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဈ) အခြားသူ၏ ယာဉ်အကူလိုင်စင်ကို အသုံးပြု၍ ယာဉ်အကူအဖြစ် ပါဝင်ဆောင်ရွက်ခြင်း မပြုရ၊

(ည) မှတ်ပုံတင်သက်တမ်းရှိသော မော်တော်ယာဉ်ကိုမောင်းနှင်စဉ် မှတ်ပုံတင်သက်သေခံလက်မှတ်ကို သတ်မှတ်သည့်နည်းလမ်းအတိုင်း ပြသရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဋ) မော်တော်ယာဉ်ကို ကိုယ်တိုင်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်း အသုံးမပြုရ၊

(ဌ) သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ယာဉ်ပေါ်ပါရှိသော အသက် ၁၀ နှစ်အောက် ကလေးငယ်များအား ကလေးအသက်ကယ်ထိုင်ခုံကို အသုံးမပြုဘဲ စီးနင်းစေခြင်း မပြုရ၊

(ဍ) အသက်ကယ်ထိုင်ခုံခါးပတ်ပတ်ရန် သတ်မှတ်ထားသည့် မော်တော်ယာဉ်ကို မောင်းနှင်နေစဉ် ကိုယ်တိုင်ဖြစ်စေ၊ လိုက်ပါစီးနင်းသူများကိုဖြစ်စေ အသက်ကယ်ထိုင်ခုံခါးပတ်ကို တပ်ဆင်ခြင်းမပြုဘဲ မောင်းနှင်ခြင်း မပြုရ။

၆၈။ မော်တော်ဆိုင်ကယ်မောင်းနှင်သူ မည်သူမျှ -

(က) မော်တော်ဆိုင်ကယ်ကို နောက်ကြည့်မှန်နှင့် အိပ်ဇောရှိအသံထိန်းကိရိယာမပါဘဲ မောင်းနှင်ခြင်း မပြုရ၊

(ခ) မော်တော်ဆိုင်ကယ်ကို မောင်းနှင်စီးနင်းရာတွင် ရှေ့မီးအနိမ့်ကို နေ့၊ ည အချိန်တိုင်းတွင် ဖွင့်၍ မောင်းနှင်ရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဂ) ကိုယ်တိုင်ဖြစ်စေ၊ လိုက်ပါစီးနင်းသူကိုဖြစ်စေ သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်ဆင်၍ ဆောင်းခြင်းမပြုဘဲ မော်တော်ဆိုင်ကယ်ကို မောင်းနှင်ခြင်း မပြုရ။

၆၉။ မော်တော်ယာဉ်လက်ဝယ်ရှိသူ မည်သူမျှ -

(က) မော်တော်ယာဉ်ပေးကမ်းခြင်းနှင့် ရောင်းချခြင်းတို့တွင် မော်တော်ယာဉ်ပေးကမ်းသည့် နေ့ရက် သို့မဟုတ် အရောင်းအဝယ် စာချုပ်ချုပ်ဆိုသည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း မော်တော်ယာဉ် မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် လျှောက်ထားရန်ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) အမွေဆက်ခံခြင်းဖြင့် မော်တော်ယာဉ်ပိုင်ဆိုင်ခွင့်ရရှိသူသည် မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသည့်ရက်မှ ရက်ပေါင်း ၃၀ အတွင်း လျှောက်ထားရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ဂ) မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် လျှောက်ထားရာတွင် မော်တော်ယာဉ် ပေးကမ်းခြင်းနှင့် ရောင်းဝယ်ခြင်းစာချုပ်၌ ဝယ်ယူသူ၏အမည်နှင့် နေရပ်လိပ်စာအပါအဝင် အခြားအချက်အလက်တစ်စုံတစ်ရာကို မမှန်မကန်ဖော်ပြခြင်း၊ ပြင်ဆင်ခြင်း၊ ချန်လှပ်ခြင်း သို့မဟုတ် စာချုပ်ချုပ်ဆိုသည့်နေ့ရက်ကို မမှန်မကန် ဖော်ပြခြင်း မပြုရ။

၇၀။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်မောင်းသင်တန်းကျောင်း ဖွင့်လှစ်ခြင်း မပြုရ။

၇၁။ မည်သူမျှ လုပ်ငန်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုရ။

၇၂။ မည်သူမျှ မော်တော်ယာဉ် မှတ်ပုံတင်သက်သေခံလက်မှတ် ယာယီရပ်ဆိုင်းခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းခံရသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ သက်တမ်းကုန်ဆုံးသည့် မော်တော်ယာဉ်ကိုသော်လည်းကောင်း အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ။

၇၃။ မည်သူမျှ အများပြည်သူဆိုင်ရာ နေရာတွင် -

(က) ယာဉ်မောင်းလိုင်စင်မရှိဘဲ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ခ) ယာဉ်မောင်းလိုင်စင်၌ ခွင့်ပြုထားခြင်းမရှိသော မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ သို့မဟုတ် မောင်းနှင်ခွင့်မပြုရ၊

(ဂ) အခြားသူ၏ ယာဉ်မောင်းလိုင်စင်ကို အသုံးပြု၍ မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ။

(ဃ) မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက် လျှော့၍ မောင်းနှင်ခြင်း မပြုရ၊

(င) မော်တော်ယာဉ်ကို ဘေးအန္တရာယ်ဖြစ်စေလောက်အောင် မဆင်မခြင် သို့မဟုတ် အရှိန်ပြင်းစွာ သို့မဟုတ် ပေါ့လျော့စွာ မောင်းနှင်ခြင်း မပြုရ၊

(စ) ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဆ) ဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်း (Dangerous Goods) ကို သတ်မှတ်ချက်များနှင့်မညီဘဲ မော်တော်ယာဉ်တွင် တင်ဆောင်ခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ခြင်း မပြုရ၊

(ဇ) မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍သော်လည်းကောင်း၊ သတ်မှတ်ထားသော ပမာဏထက်ပို၍ အရက်သေစာ သောက်စားမူးယစ်၍သော်လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်း မပြုရ၊

(ဈ) အငှားယာဉ်အဖြစ် မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်ကို စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်အဖြစ် အသုံးမပြုရ။

၇၄။ ခရီးသည်မှအပ မည်သူမျှ မော်တော်ယာဉ်ကို သူတစ်ပါးထိခိုက်မှု အာမခံမထားရှိဘဲ အများပြည်သူ ဆိုင်ရာနေရာတွင် အသုံးမပြုရ သို့မဟုတ် အသုံးပြုခွင့်မပေးရ။

၇၅။ မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမည်သူမျှ ယင်းမော်တော် ယာဉ်ကို ယာဉ်မောင်းလိုင်စင် ရရှိမထားသူ တစ်ဦးဦးအား မောင်းနှင်စေခြင်း မပြုရ သို့မဟုတ် မောင်းနှင်ရန် ခွင့်မပြုရ။

၇၆။ မည်သူမျှ မှတ်ပုံတင်ထားသော မော်တော်ယာဉ်တွင် -

(က) မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြားကို မထင်မရှားဖြစ်စေရန် တမင် မပြုလုပ်ရ၊

(ခ) ဦးစီးဌာနက ထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား မဟုတ်ဘဲ အခြားနံပါတ်ပြားကို တပ်ဆင်အသုံးမပြုရ၊

(ဂ) မော်တော်ယာဉ် မှတ်ပုံတင်နံပါတ်ပြား တပ်ဆင်ထားခြင်းမရှိဘဲ အများပြည်သူဆိုင်ရာနေရာတွင် မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ၊

(ဃ) ဦးစီးဌာနက အခြားမော်တော်ယာဉ်အတွက် ထုတ်ပေးသည့် စာတမ်းအမှတ်အသား သို့မဟုတ် မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြားကို ပြောင်းလဲအသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ။

၇၇။ မည်သူမျှ -

(က) မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်ကို သီးခြားခွင့်ပြုထားသောနေရာမှအပ အများပြည်သူဆိုင်ရာနေရာ အပါအဝင် မည်သည့်နေရာတွင်မျှ မောင်းနှင်ခြင်း၊ မောင်းနှင်စေခြင်း သို့မဟုတ် ရပ်နားထားခြင်း မပြုရ၊

(ခ) ဦးစီးဌာနကထုတ်ပေးသည့် စာတမ်းအမှတ်အသားကို မှတ်ပုံတင်ထားခြင်းမရှိသော မော်တော်ယာဉ်တွင် ပြောင်းလဲအသုံးပြုခြင်း သို့မဟုတ် အသုံးပြုစေခြင်း မပြုရ၊

(ဂ) ဥပဒေနှင့်အညီ အခွင့်အာဏာမရှိဘဲ သို့မဟုတ် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ မော်တော်ယာဉ်၏ မူလအမျိုးအမည်၊ ရုပ်သဏ္ဌာန် ပျက်ပြားစေသည်အထိ ပြုပြင်ပြောင်းလဲခြင်း မော်တော်ယာဉ် စစ်ဆေးချက် သက်သေခံလက်မှတ်ပါ အနေအထားများကို ပြုပြင်ပြောင်းလဲခြင်း မပြုရ၊

(ဃ) ဦးစီးဌာနကထုတ်ပေးသည့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံ လက်မှတ်၊ မော်တော်ယာဉ်စစ်ဆေးပြီးကြောင်း အထောက်အထား၊ မော်တော်ယာဉ်မှတ်ပုံတင် နံပါတ်ပြား၊ ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်၊ ယာယီမှတ်ပုံတင်အမှတ်အသား၊ လုပ်ငန်း လိုင်စင်တို့နှင့် အခြားအထောက်အထားများကို လိမ်လည်အတုပြုထားသည့် စာတမ်းအမှတ်အသား ဖြစ်ကြောင်း သိလျက်နှင့်လည်းကောင်း၊ ထိုသို့ဖြစ်ကြောင်းယုံကြည်ရန် အကြောင်းရှိလျက်နှင့် လည်းကောင်း အစစ်အမှန်အနေဖြင့် အသုံးမပြုရ။

## အခန်း (၁၃)
## ပြစ်ဒဏ်များ

၇၈။ မည်သူမဆို ပုဒ်မ ၆၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သုံးသောင်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၇၉။ မော်တော်ဆိုင်ကယ်မောင်းနှင်သူ မည်သူမဆို ပုဒ်မ ၆၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သုံးသောင်းထက်မပိုသော ငွေဒဏ် ချမှတ်ရမည်။

၈၀။ မော်တော်ယာဉ် လက်ဝယ်ရှိသူ မည်သူမဆို ပုဒ်မ ၆၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၁။ မည်သူမဆို ပုဒ်မ ၇၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ် ငါးသိန်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၂။ မည်သူမဆို ပုဒ်မ ၇၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို ကျပ် ၁၀ သိန်း ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၃။ မည်သူမဆို -

(က) ပုဒ်မ ၇၂ နှင့် ပုဒ်မ ၇၃ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီး တစ်နှစ်အတွင်း ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၄။ ခရီးသည်မှအပ မည်သူမဆို ပုဒ်မ ၇၄ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၅။ မည်သည့်မော်တော်ယာဉ်ပိုင်ရှင် သို့မဟုတ် မော်တော်ယာဉ်အတွက် တာဝန်ရှိသူမဆို -

(က) ပုဒ်မ ၇၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီး တစ်နှစ်အတွင်း ယင်းပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၆။ မည်သူမဆို ပုဒ်မ ၇၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၇။ မည်သူမဆို ပုဒ်မ ၇၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၈၈။ မည်သူမဆို နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းများနှင့် စည်းကမ်းချက်များတို့ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရမည့်တာဝန်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ် သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၈၉။ မည်သူမဆို ဤဥပဒေ သို့မဟုတ် နည်းဥပဒေများ၊ အမိန့်၊ စည်းမျဉ်းများနှင့် စည်းကမ်းချက်များတို့ပါ တားမြစ်ချက်တစ်ခုခုအရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုကို ကျူးလွန်ရန် အားပေးကူညီလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

## အခန်း (၁၄)
## အထွေထွေ

၉၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာဖြင့် မည်သည့်မော်တော်ယာဉ် သို့မဟုတ် မော်တော်ယာဉ်အမျိုးအစားကိုမဆို အများပြည်သူအကျိုးအလို့ငှာ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် တစ်ခုခုကို အကျိုးသက်ရောက်စေခြင်းမှ စည်းကမ်းချက်ထား၍ဖြစ်စေ၊ စည်းကမ်းချက်မထားဘဲဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၉၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ အခြားပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဦးစီးအဖွဲ့များအား လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းပေးရမည်။

၉၂။ ဦးစီးဌာနကထုတ်ပေးသည့် ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံ လက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်၊ မော်တော်ယာဉ် စစ်ဆေးပြီးကြောင်းအထောက်အထား၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ ယာယီမှတ်ပုံတင်သက်သေခံ လက်မှတ်၊ ယာယီမှတ်ပုံတင်အမှတ်အသား၊ လုပ်ငန်းလိုင်စင်တို့နှင့် အခြားအထောက်အထားများကို ဆင်တူ ယိုးမှားဖြစ်စေ၊ အတုအပဖြစ်စေ ပြုလုပ်လျှင် တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

၉၃။ မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းလုပ်ကိုင်သူက ကောက်ခံရရှိသော သတ်မှတ်ယာဉ်စစ်ဆေးခမှ ဦးစီးဌာနသို့ ပေးသွင်းစေရမည့် အခကြေးငွေများအား သတ်မှတ်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်လျှင် အဆိုပါ အခကြေးငွေများကို အခွန်မပြေကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၉၄။ ပုဒ်မ ၈၀၊ ၈၁၊ ၈၂ နှင့် ၈၆ တို့အရ အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၉၅။ ဤဥပဒေမပြဋ္ဌာန်းမီ ထုတ်ပေးထားသည့် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့် သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်မှတ်တမ်း၊ မော်တော်ယာဉ်စစ်ဆေးချက်သက်သေခံလက်မှတ်၊ မော်တော်ယာဉ်မှတ်ပုံတင်နံပါတ်ပြား၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်အကူလိုင်စင်၊ အပြည်ပြည်ဆိုင်ရာယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ်၊ ယာဉ်မောင်းလိုင်စင်မှတ်တမ်းနှင့် လုပ်ငန်းလိုင်စင်များသည် ဤဥပဒေအရထုတ်ပေးသော စာတမ်းအမှတ်အသားများဖြစ်သည်ဟု မှတ်ယူရမည်။

၉၆။ ရုပ်သိမ်းပြီးသော ၁၉၆၄ ခုနှစ်၊ မော်တော်ယာဉ်ဥပဒေအရဖြစ်စေ၊ မော်တော်ယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅။) အရ ဖြစ်စေ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၉၇။ ဤဥပဒေ ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၉၈။ မော်တော်ယာဉ်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅။) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၅၈/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးနေရာ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဦးမောင်တိုး | **အစား** | ဦးချစ်ဝေ |
| (၂) | အဖွဲ့ဝင် (၃) | နေရာတွင် | ဦးချစ်ဝေ | **အစား** | ဦးမြင့်သိန်း |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၅၉/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးနေရာ၌ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဦးအေးလွင် | **အစား** | ဦးစိန်ထွန်း |
| (၂) | အဖွဲ့ဝင် (၃) | နေရာတွင် | ဦးစိန်ထွန်း | **အစား** | ဦးစန်းဝင်း |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၆၀/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ နေရာ၌ ဦးသိန်းပိုင် **အစား** ဦးဝင်းအောင် ကို စတင်တာဝန် ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၁၆၁/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်)

**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီအား ဖျက်သိမ်းခြင်း**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် **မဟာမိတ်တောင်သူလယ်သမားပါတီ** ကို မှတ်ပုံတင် အမှတ် (၉၂) ဖြင့် ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်စွဲပါ ကြေညာချက်အမှတ် (၂၇/၂၀၁၅) ဖြင့် နိုင်ငံရေး ပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခဲ့ပါသည်။

၂။ **မဟာမိတ်တောင်သူလယ်သမားပါတီ** အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့မှစ၍ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့အထိ (၆) လ ယာယီရပ်ဆိုင်း၍ ပါတီတွင်း ပြဿနာများပြေလည်သည်အထိ ဖြေရှင်းဆောင်ရွက်ရန် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၄ (ဂ) နှင့်အညီ ညွှန်ကြားခဲ့ပါသည်။ သို့ရာတွင် ရပ်ဆိုင်းထားသည့်ကာလကုန်ဆုံးသည်အထိ ပါတီတွင်း ပြဿနာများပြေလည်အောင် ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အပြင် ပါတီဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီ ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းတို့ကို ကော်မရှင်က ညွှန်ကြားသည့်အတိုင်း လိုက်နာ ဆောင်ရွက်ရန်ပျက်ကွက်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေးအမှတ်စဉ် (၂၆/၂၀၁၉) တွင် ဆွေးနွေးခဲ့ပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၄ (င) နှင့်အညီ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီကိုလည်း ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားသည့် **မဟာမိတ်တောင်သူလယ်သမားပါတီ** ကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ယင်းပါတီကို ဖျက်သိမ်းလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၂/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးဝင်းမောင် **အစား** ဦးကျော်လင်းဦး ကို စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၆၃/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

### ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်စွဲပါ

ကြေညာချက်အမှတ် (၃၄/၂၀၁၇) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွင် အောက်ဖော်ပြပါ ဌာနဆိုင်ရာပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းတာဝန်ပေးအပ် လိုက်သည် -

| | | |
|---|---|---|
| (၁) | လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (လားရှိုးမြို့) | အဖွဲ့ဝင် |
| (၂) | ဒုတိယပြည်နယ်ဦးစီးမှူး၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး (လားရှိုးမြို့) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်ပညာရေးမှူးရုံးခွဲ (လားရှိုးမြို့) | အဖွဲ့ဝင် |
| (၄) | ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး (လားရှိုးမြို့) | အဖွဲ့ဝင် |
| (၅) | လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်စာရင်းစစ်ရုံး (လားရှိုးမြို့) | အဖွဲ့ဝင် |
| (၆) | လက်ထောက်ညွှန်ကြားရေးမှူး၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (ကျိုင်းတုံမြို့) | အဖွဲ့ဝင် |
| (၇) | ဒုတိယပြည်နယ်ဦးစီးမှူး၊ ဒုတိယပြည်နယ်ဦးစီးမှူးရုံး (ကျိုင်းတုံမြို့) အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ဒုတိယညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်ပညာရေးမှူးရုံးခွဲ (ကျိုင်းတုံမြို့) | အဖွဲ့ဝင် |
| (၉) | ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး (ကျိုင်းတုံမြို့) | အဖွဲ့ဝင် |
| (၁၀) | လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်စာရင်းစစ်ရုံး (ကျိုင်းတုံမြို့) | အဖွဲ့ဝင် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

**ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့၊ အမှတ် (၁၄)၊ အောင်မေတ္တာရပ်ကွက်၊ ကွင်းအမှတ် (၆၆)၊ ဦးပိုင်အမှတ် (၃၈) ရှိ မြေ (၀. ၁၈၄) ဧကနှင့် အဆောက်အအုံကို ပုဂ္ဂလိကသို့ လွှဲပြောင်းရောင်းချခြင်း**

၁။ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ သတ္တမအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့၊ အမှတ် (၁၄)၊ အောင်မေတ္တာရပ်ကွက်၊ ကွင်းအမှတ် (၆၆)၊ ဦးပိုင်အမှတ် (၃၈) ရှိ မြေ (၀. ၁၈၄) ဧကနှင့် အဆောက်အအုံကို အမြင့်ဆုံးအဆိုပြု ဈေးနှုန်း ကျပ် ၆၅ သန်းဖြင့် အဆိုပြုသူ ဒေါ်မြင့်မြင့်ကြူ ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဒေါ်မြင့်မြင့်ကြူ သည် အဆိုပါ မြေနှင့်အဆောက်အအုံတန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၁၉. ၅ သန်းကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၄၅. ၅ သန်းကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်ပါ၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်း စစ်ဆေးရေးဦးစီးဌာနက ဒေါ်မြင့်မြင့်ကြူ သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန်ဖြစ်ပါသည်။

၃။ ဒေါ်မြင့်မြင့်ကြူအနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့်အဆောက်အအုံကိုဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ထမ်းဆောင်၍ စာချုပ်ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည် ဖြစ်ပါသည်။

၄။ ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့၊ အမှတ် (၁၄)၊ အောင်မေတ္တာရပ်ကွက်၊ ကွင်းအမှတ် (၆၆)၊ ဦးပိုင်အမှတ် (၃၈) ရှိ မြေ (၀. ၁၈၄) ဧကနှင့် အဆောက်အအုံကို ဝယ်ယူသူ ဒေါ်မြင့်မြင့်ကြူ ၏ အမည်ပေါက်မြေဂရန် ထုတ်ပေးရေးကို နမ့်ခမ်းမြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန်ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက်ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

မောင်မောင်ဝင်း
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ (၁၂) ဖွဲ့ အနက် သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ ပူးတွဲကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၁/၂၀၁၉) ဖြင့် ဖွဲ့စည်းခဲ့သည့် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့ (၁၂) ဖွဲ့ အနက် သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

(က) အမြဲတမ်းအတွင်းဝန် — အဖွဲ့ခေါင်းဆောင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အကောက်ခွန်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဈ) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ဦးဆောင်ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာ့မီးရထား
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဋ) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

၂။ သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရွှေလီ-မန္တလေး-ကျောက်ဖြူ အဝေးပြေးလမ်းပိုင်းနှင့် မန္တလေး-နေပြည်တော်-ရန်ကုန် အဝေးပြေး လမ်းပိုင်းကို ဦးစားပေးဆောင်ရွက်ခြင်း၊

(ခ) အဝေးပြေးလမ်းမ၊ ရေလမ်းကြောင်း၊ ဆိပ်ကမ်း၊ လေကြောင်းနှင့် စည်ပင်သာယာဆိုင်ရာအခြေခံ အဆောက်အအုံ တိုးတက်ရေးကို ဆောင်ရွက်ခြင်း၊

(ဂ) ကျောက်ဖြူဆိပ်ကမ်း၊ ရွှေလီ-မန္တလေး-ကျောက်ဖြူ ရထားလမ်းပိုင်းနှင့် မန္တလေး-နေပြည်တော်- ရန်ကုန် ရထားလမ်းပိုင်း တိုးတက်မှုရှိစေရေး ဆောင်ရွက်ခြင်း၊

(ဃ) သင်္ဘောဖြင့် ကုန်စည်ပို့ဆောင်ခြင်း။

စိုးဝင်း
ဥက္ကဋ္ဌ
တရုတ်-မြန်မာစီးပွားရေးစင်္ကြံ ပူးတွဲကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

အမှတ် ၅၅၉/၂၀၁၉ ။ ။ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၁၉) ၏ သဘောတူညီချက်အရ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်း အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ပထမအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၇၁/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်သီတာအေး အား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အာဆီယံရေးရာဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၇၂/၂၀၁၉)

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး/မြန်မာ ကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဌာနစုမှူး (၁)/ဒုတိယ အတွင်းဝန်များအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ လက်ထောက်ညွှန်ကြားရေးမှူး/ ပထမအတွင်းဝန်များအဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးဌာန၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး |
|---|---|---|
| ၁။ | ဒေါ်ခင်မာလာဝင်း | အာဆီယံရေးရာဦးစီးဌာန |
| ၂။ | ဒေါ်သွယ်သွယ်အောင် | မြန်မာသံရုံး၊ ဗန်ကောက်မြို့ |
| ၃။ | ဒေါ်သီရိမြင့်စိုး | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၄။ | ဒေါ်မျိုးစန္ဒာနိုင် | နိုင်ငံရေးရာဦးစီးဌာန |
| ၅။ | ဒေါ်နှင်းလဲ့လဲ့စန်း | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၆။ | ဒေါ်ထက်မြတ်လွင် | မြန်မာသံရုံး၊ ဗီယင်ကျန်းမြို့ |
| ၇။ | ဒေါ်အယ်လ်နန်မွန်း | အာဆီယံရေးရာဦးစီးဌာန |
| ၈။ | ဒေါ်မေမြတ်နိုးနိုင် | မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့ |
| ၉။ | ဒေါ်ရီမာအောင် | မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့ |
| ၁၀။ | ဒေါ်ထက်ထက်ဇော် | မြန်မာသံရုံး၊ ဘန်ဒါဆရီဘီဂါဝန်မြို့ |
| ၁၁။ | ဒေါ်ရည်မွန်ဝင်း | မြန်မာသံရုံး၊ ကွာလာလမ်ပူမြို့ |
| ၁၂။ | ဒေါ်နော်ဥမ္မာခိုင် | မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျကာတာမြို့ |
| ၁၃။ | ဒေါ်အေးချမ်းလင်း | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၁၄။ | ဒေါ်ထင်ရှားဦး | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ နန်နင်းမြို့ |
| ၁၅။ | ဦးယုဝင်း | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့ |
| ၁၆။ | ဒေါ်မီမီလှိုင်းဇံ | မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့ |
| ၁၇။ | ဒေါ်မေဇော်မောင်မောင် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၁၈။ | ဦးကောင်းမြတ် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၁၉။ | ဒေါ်ငြိမ်းအိဖြူ | မြန်မာသံရုံး၊ ဂျကာတာမြို့ |
| ၂၀။ | ဒေါ်မိုးပြည့်ပြည့်မိုး | နိုင်ငံရေးရာဦးစီးဌာန |
| ၂၁။ | ဒေါ်စုမြတ်သူ | မြန်မာသံရုံး၊ လန်ဒန်မြို့ |
| ၂၂။ | ဒေါ်နွယ်နီအေး | မြန်မာသံရုံး၊ တဲလ်အဗီးမြို့ |
| ၂၃။ | ဒေါ်ဆုဝေဖိုးကျား | မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့ |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးဌာန၊ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး |
|---|---|---|
| ၂၄။ | ဒေါ်ထွေးတြာနန္ဒီ | မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့ |
| ၂၅။ | ဒေါ်နှင်းနုနုအောင် | မြန်မာသံရုံး၊ စင်ကာပူမြို့ |
| ၂၆။ | ဒေါ်မြတ်သွယ်အောင် | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ လော့စ်အိန်ဂျယ်လိစ်မြို့ |
| ၂၇။ | ဒေါ်မြတ်သော်တာအေး | မြန်မာသံရုံး၊ မော်စကိုမြို့ |
| ၂၈။ | ဒေါ်သက်သူသူထက် | မြန်မာသံရုံး၊ ဆိုးလ်မြို့ |
| ၂၉။ | ဒေါ်ဖွေးအိသော်လွင် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၃၀။ | ဦးတင်မျိုးကျော် | မြန်မာသံရုံး၊ တဲလ်အဗီးမြို့ |
| ၃၁။ | ဦးသွေးသောက်ထက်ခေါင် | သံတမန်ရေးရာဦးစီးဌာန |
| ၃၂။ | ဒေါ်ရွှန်းလဲ့အောင် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၃၃။ | ဦးနေလင်းဦး | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၃၄။ | ဒေါ်နော်လပြည့်ဝန်း | မြန်မာသံရုံး၊ ဘရာဇီးလျားမြို့ |
| ၃၅။ | ဒေါ်ဆုနန္ဒာလှိုင် | မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့ |
| ၃၆။ | ဒေါ်သက်ထားနွယ် | အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန |
| ၃၇။ | ဒေါ်နှင်းမူလွင် | မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန |
| ၃၈။ | ဒေါ်အောင်ဆန်းချောဆုဖြိုးမြင့် | စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန |
| ၃၉။ | ဦးဇော်မျိုးထက် | မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချင်းမိုင်မြို့ |
| ၄၀။ | ဒေါ်ခိုင်သဇင်နွယ်ထွန်း | မြန်မာသံရုံး၊ ပေကျင်းမြို့ |
| ၄၁။ | ဦးဦးညွန့်မောင် | မြန်မာသံရုံး၊ မော်စကိုမြို့ |
| ၄၂။ | ဦးဇာနည်အောင် | သံတမန်ရေးရာဦးစီးဌာန |
| ၄၃။ | ဦးစိုပြေငြိမ်းချမ်း | မြန်မာသံရုံး၊ ဗန်ကောက်မြို့ |
| ၄၄။ | ဦးကောင်းဖြိုးဝင့် | နိုင်ငံရေးရာဦးစီးဌာန |
| ၄၅။ | ဦးရဲမြင့်အောင် (ခ) ထက်နိုင် | ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန |
| ၄၆။ | ဒေါ်သွင်မီမိုးဦး | မြန်မာသံရုံး၊ ပရီတိုးရီးယားမြို့ |
| ၄၇။ | ဦးရန်နိုင်ခန့် | မြန်မာသံရုံး၊ စင်ကာပူမြို့ |

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၈၇၂/၂၀၁၅) အား ရည်ညွှန်းလျက် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ လက်ထောက်ညွှန်ကြားရေးမှူးများအတွက် လစာနှုန်းထား (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) အဖြစ်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့စွဲပါ စာအမှတ်၊ ဘခ-၁/၂၉၅ (၅၀၄၄/၂၀၁၃) အား ရည်ညွှန်းလျက် ပြည်ပရှိ မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး/မြန်မာကောင်စစ်ဝန်ချုပ်ရုံးများတွင် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ပထမအတွင်းဝန်များအတွက် လစာနှုန်းထား အမေရိကန်ဒေါ်လာ (၄၄၀) ကိုလည်းကောင်း ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

အမှတ် ၁၁၂။ ။ ဤဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၃၃) ဖြင့် ဖွဲ့စည်းခဲ့သည့် ကရင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီတွင် ဥက္ကဋ္ဌ ဦးခင်မောင်ဆန်း၊ အုပ်ချုပ်ရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန **အစား** ဦးကျော်စိုး၊ အုပ်ချုပ်ရေးမှူး၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ဦးသင်းထွဋ်မှာန်၊ ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာန **အစား** ဦးခင်မောင်ညွန့်၊ ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြည်တွင်းအခွန်များဦးစီးဌာနဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ မကွေးဌာနခွဲမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဦးစီးမှူး ဦးသက်ဝင်းအောင် အား ယင်းဦးစီးဌာန၊ အမျိုးသားပြတိုက် (ရန်ကုန်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိ (စီမံ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်) မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) နည်းပြ ဒေါ်အေးဝင်း အား ယင်းဦးစီးဌာန၊ ရှေးဟောင်း သုတေသနနည်းပညာသင်တန်းကျောင်း (ပြည်) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) လက်ထောက်ကထိက (ကောင်းကင်ဓာတ်ပုံ) ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိရာထူးနေရာများသို့ အောက်ဖော်ပြပါဝန်ထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများ၌ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်၊ မူလရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|
| (က) | ဦးဦးသိန်းထွန်း<br>ဒု-ဦးစီးမှူး (သုတေသန)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မြောက်ဦးဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (သုတ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မြောက်ဦးဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (ခ) | ဒေါ်ယဉ်နုဖြူ<br>ဒု-ဦးစီးမှူး (သုတေသန)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မကွေးဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (ခတု)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ရန်ကုန်ဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |
| (ဂ) | ဒေါ်မြမွန်စမ်း<br>ဒု-ဦးစီးမှူး (သုတေသန)<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ဟန်လင်းဌာနစု၊ ကမ္ဘာ့အမွေအနှစ်ဒေသများ<br>ဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန | ဦးစီးအရာရှိ (ခတ်ခွဲခန်း)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပုဂံဌာနခွဲ၊ ရှေးဟောင်းသုတေသနနှင့်<br>အမျိုးသားပြတိုက်ဦးစီးဌာန |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သမိုင်းသုတေသနဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ရုံးအုပ် ဦးဇော်ရှင်း အား ယင်းဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ဦးစီးအရာရှိရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၉/၂၀၁၉)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၁၉) သဘောတူညီချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သမိုင်းသုတေသနဌာန၊ သုတေသနဌာနခွဲ (၁) မှ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) သုတေသနလက်ထောက် (၂) ဒေါ်သန္တာအောင် အား အဆိုပါဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သုတေသနအရာရှိ ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၄/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး (၁၈) ဦးအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်အရ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူးရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်သည့်ရာထူး |
|---|---|---|---|
| (က) | ဦးအောင်ဆွေ | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ခ) | ဦးဇော်ဝင်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဂ) | ဦးသိန်းလွင် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဃ) | ဦးသန်းမြင့် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (င) | ဦးသန်းလွင် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (စ) | ဦးဝင်းမြင့် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဆ) | ဦးဆန်းဝင်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဇ) | ဦးသိန်းဦး | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဈ) | ဦးသိန်းကျော် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ည) | ဦးတင်ထူး | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဋ) | ဦးမင်းသိန်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဌ) | ဦးကျော်ငြိမ်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဍ) | ဦးမြင့်သိန်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဎ) | ဦးသိန်းဝင်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဏ) | ဦးကျော်ထင် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (တ) | ဦးကျော်ဝင်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ထ) | ဦးမင်းမင်း | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |
| (ဒ) | ဦးအောင်သန်းလွင် | ဒုတိယညွှန်ကြားရေးမှူး | ညွှန်ကြားရေးမှူး |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆၅/၂၀၁၉)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အဆင့်ရှိ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးရွှေထွန်းအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၈/၂၀၁၉) ကြိမ်မြောက် အစည်းအဝေးသဘောတူညီချက်အရ

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (ဘူမိ) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉) နှင့် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၉) တို့၏ သဘောတူညီချက်အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ရုံးအုပ် ဒေါ်စုစုမာနှင့် ဒေါ်ဌေးဌေးအောင်၊ စာရင်းကိုင်-၁ ဒေါ်မြတ်ဆွေဇင် (၃) ဦးတို့အား လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများတွင် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှစ၍ လုပ်သက်သတ်မှတ်ချက်ကို လျှော့ပေါ့၍ အထူးကိစ္စတစ်ရပ်အနေဖြင့် တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၅) နှင့် ပုဒ်မ (၄၅) တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲလျက် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့ရှိ ကမ္ဘာ့ရတနာဘဏ် လီမိတက် (နောင်တရားဘဏ်ခွဲ) အား စတင်မှတ်ပုံတင်သည့်နေ့မှစ၍ လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်သက်ဆိုင်စေရမည်ဟု ကြေညာလိုက်သည်။ ထို့အပြင် အဆိုပါဥပဒေတွင်ပါရှိသည့် ပြဋ္ဌာန်းချက်များအရ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့ရှိ ကမ္ဘာ့ရတနာဘဏ် လီမိတက် (နောင်တရားဘဏ်ခွဲ) အား ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့နယ်လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ရမည်ဟု ကြေညာလိုက်သည်။

ဦးသိန်းဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန။

**[ ယခင်အပတ် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၉၊ အဆိုပြုချက်နှင့် အတည်ပြုလျှောက်ထားလွှာပုံစံများ ပြောင်းလဲကြောင်း ကြေညာခြင်းမှ အဆက် ]**

ပုံစံ (၄ - က)

## အတည်ပြုလျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ် ၊
ရက်စွဲ ၊ ၂၀ ခုနှစ်၊ လ ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၇ နှင့်အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည် -

၁။ ရင််းနှီးမြှုပ်နှံသူ၏

(က) အမည် ......................................................
(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် ......................................................
ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ ......................................................
နိုင်ငံကူးလက်မှတ်အမှတ် ......................................................
(ဂ) နိုင်ငံသား ......................................................
(ဃ) နေရပ်လိပ်စာ/မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ ......................................................
......................................................
(င) တယ်လီဖုန်း/ဖက်စ်/အီးမေးလ်လိပ်စာ ......................................................
(စ) လုပ်ငန်းအမျိုးအစား ......................................................
(ဆ) အတည်ပြုလုပ်ငန်း၏ ထုတ်လုပ်မှုကွင်းဆက်နှင့် ......................................................
အခြားဆက်စပ်လုပ်ငန်းများအပေါ် အကျိုးပြုမှု

**မှတ်ချက်။** အောက်ပါအချက်များကို ပူးတွဲတင်ပြရန် -
(၁) ကုမ္ပဏီမှတ်ပုံတင် အထောက်အထားမိတ္တူ
(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင်လျှောက်ထားခြင်း မဟုတ်ပါက လျှောက်ထားသူ၏ -

(က) အမည် ......................................................
(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် ......................................................
(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)
(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ......................................................
(ဃ) နိုင်ငံသား ......................................................
(င) မြန်မာနိုင်ငံတွင် နေထိုင်သည့်နေရပ်လိပ်စာ ......................................................
(စ) တယ်လီဖုန်း/ဖက်စ် ......................................................
(ဆ) အီးမေးလ်လိပ်စာ ......................................................

**မှတ်ချက်။** တရားဝင်ကိုယ်စားလှယ်လွှဲစာ ပူးတွဲတင်ပြရန်

၃။ ဖွဲ့စည်းမည့်စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဌာန်

☐ ရာခိုင်နှုန်းပြည့် ☐ ဖက်စပ်ပြုလုပ်ခြင်း (ဖက်စပ်စာချုပ်မူကြမ်းတင်ပြရန်)
☐ အခြားသဘောတူညီချက်ပုံစံတစ်မျိုးမျိုးဖြင့်ဆောင်ရွက်ခြင်း (စာချုပ်မူကြမ်းတင်ပြရန်)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ..................%
အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ..................%
နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏ အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ..................%

၄။ အစုရှယ်ယာ ၁၀ % နှုန်းနှင့်အထက် ပိုင်ဆိုင်သော အစုရှယ်ယာရှင်များစာရင်း

| **စဉ်** | **အစုရှယ်ယာရှင်အမည်** | **နိုင်ငံသား** | **အစုရှယ်ယာပိုင်ဆိုင်မှု%** |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

၅။ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သောအချက်အလက်များ

(က) ကုမ္ပဏီအမျိုးအစား ..............................

(ခ) အစုရှယ်ယာအမျိုးအစား ..............................

(ဂ) အစုရှယ်ယာဝင်များက ထည့်ဝင်မည့်အစုရှယ်ယာပမာဏ ..............................

(ဃ) မိခင်ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ် ..............................

(င) မိခင်ကုမ္ပဏီ၏ မတည်ငွေရင်းပမာဏ ..............................

(စ) မိခင်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ငွေကြေးထည့်ဝင်နိုင်မှု ..............................

(ဆ) မိခင်ကုမ္ပဏီ၏ နည်းပညာအတွေ့အကြုံများ ..............................

၆။ မတည်ငွေရင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ -

**ကျပ်/US$(သန်းပေါင်း)**

(က) ပြည်တွင်းမှ ထည့်ဝင်သည့် မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း ..............................

(ခ) နိုင်ငံခြားမှ ယူဆောင်လာသည့် မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း ..............................

**စုစုပေါင်း** ______________________________

၇။ စီးပွားဖြစ်မစတင်မီ ရင်းနှီးထည့်ဝင်မည့်ငွေပမာဏ ..............................

၈။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့်သက်တမ်း ..............................

၉။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းနှင့် သက်ဆိုင်သောအချက်အလက်များ -

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ (များ)/တည်နေရာ ..............................

..............................

(ခ) ရင်းနှီးမြှုပ်နှံမှုတန်ဖိုး/ပမာဏ ..............................

၁၀။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ်စသည်တို့ရရှိပြီးပါက ပူးတွဲတင်ပြရန်။

၁၁။ လုပ်ငန်းစတင်ဆောင်ရွက်နေခြင်း ရှိ ☐ မရှိ ☐

ရှိပါက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဖော်ပြပေးရန်

..............................

၁၂။ နည်းပညာလွှဲပြောင်းယူဆောင်လာမည့်အစီအစဉ် ..............................

..............................

၁၃။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ အောက်ဖော်ပြပါ လျှောက်ထားလွှာများကို တင်ပြလျှောက်ထားခြင်း ရှိ မရှိ ဖော်ပြရန်။

☐ မြေအသုံးပြုခွင့် လျှောက်ထားလွှာ

☐ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

လျှောက်ထားသူလက်မှတ်

အမည် ..............................

ရာထူး ..............................

ဌာန/ကုမ္ပဏီတံဆိပ် ..............................

## ကတိဝန်ခံချက်

အထက်ဖော်ပြပါ လျှောက်ထားသူမှ ပေးအပ်သည့်အချက်အလက်များအားလုံးသည် မှန်ကန်မှုရှိပါကြောင်း အာမခံပါသည်။

ဤအတည်ပြုလျှောက်ထားလွှာတွင် အတည်ပြုမိန့်ထုတ်ပေးရန်အတွက် ကော်မရှင်မှ စိစစ်ရာ၌ လိုအပ်သည့်အချက်အလက်များကို လျှောက်ထားသူကပေးအပ်ရန် ပျက်ကွက်ပါက အတည်ပြုလျှောက်ထားလွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စိစစ်ရာ၌ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း ကောင်းစွာသဘောပေါက်နားလည်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချမှတ်မည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လျှောက်ထားသူလက်မှတ်
အမည် ..........................................
ရာထူး ..........................................
ဌာန/ကုမ္ပဏီတံဆိပ် ............................

ပုံစံ (၄ - ခ)

## အတည်ပြုလျှောက်ထားလွှာ

သို့

ဥက္ကဋ္ဌ
.................................. တိုင်းဒေသကြီး/ ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ

စာအမှတ် ၊
ရက်စွဲ ၊ ၂၀ ခုနှစ်၊ လ ရက်

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၇ နှင့်အညီ အောက်ဖော်ပြပါ အချက်များအား ဖြည့်စွက်၍ အတည်ပြုလျှောက်ထားလွှာကို တင်ပြလျှောက်ထားအပ်ပါသည် -

၁။ ရင်းနှီးမြှုပ်နှံသူ၏

(က) အမည် ..........................................................................................

(ခ) ကုမ္ပဏီမှတ်ပုံတင်အမှတ် သို့မဟုတ် ......................................................
ရင်းနှီးမြှုပ်နှံသူ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်/ ......................................
နိုင်ငံကူးလက်မှတ်အမှတ် ..........................................................................

(ဂ) နိုင်ငံသား ..........................................................................................

(ဃ) နေရပ်လိပ်စာ/မှတ်ပုံတင်ထားသည့်ကုမ္ပဏီလိပ်စာ ......................................
..........................................................................................................

(င) တယ်လီဖုန်း/ဖက်စ်/အီးမေးလ်လိပ်စာ ......................................................

(စ) လုပ်ငန်းအမျိုးအစား ............................................................................

(ဆ) အတည်ပြုလုပ်ငန်း၏ ထုတ်လုပ်မှုကွင်းဆက်နှင့် အခြားဆက်စပ်လုပ်ငန်းများအပေါ် အကျိုးပြုမှု ..........................................

**မှတ်ချက်။** အောက်ပါအချက်များကို ပူးတွဲတင်ပြရန် -

(၁) ကုမ္ပဏီမှတ်ပုံတင် အထောက်အထားမိတ္တူ

(၂) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် နိုင်ငံကူးလက်မှတ်မိတ္တူ

၂။ ရင်းနှီးမြှုပ်နှံသူကိုယ်တိုင်လျှောက်ထားခြင်းမဟုတ်ပါက လျှောက်ထားသူ၏ -

(က) အမည် ..........................................................................................

(ခ) ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည် ................................................................
(လျှောက်ထားသူသည် စီးပွားရေးအဖွဲ့အစည်းဖြစ်ပါက)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ်/နိုင်ငံကူးလက်မှတ်အမှတ် ..........................................
(ဃ) နိုင်ငံသား ..........................................................................................
(င) မြန်မာနိုင်ငံတွင် နေထိုင်သည့် နေရပ်လိပ်စာ ..................................................
(စ) တယ်လီဖုန်း/ဖက်စ် ..............................................................................
(ဆ) အီးမေးလ်လိပ်စာ ...............................................................................

**မှတ်ချက်။** တရားဝင်ကိုယ်စားလှယ်လွှဲစာ ပူးတွဲတင်ပြရန်

၃။ ဖွဲ့စည်းမည့်စီးပွားရေးအဖွဲ့အစည်းပုံသဏ္ဌာန်

☐ရာခိုင်နှုန်းပြည့် ☐ ဖက်စပ်ပြုလုပ်ခြင်း (ဖက်စပ်စာချုပ်မူကြမ်းတင်ပြရန်)

☐အခြားသဘောတူညီချက်ပုံစံတစ်မျိုးမျိုးဖြင့်ဆောင်ရွက်ခြင်း (စာချုပ်မူကြမ်းတင်ပြရန်)

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ၏အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ..................%
အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ..................%
နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ၏အစုရှယ်ယာပိုင်ဆိုင်မှုအချိုး ..................%

၄။ အစုရှယ်ယာ ၁၀ % နှုန်းနှင့်အထက် ပိုင်ဆိုင်သော အစုရှယ်ယာရှင်များစာရင်း

| **စဉ်** | **အစုရှယ်ယာရှင်အမည်** | **နိုင်ငံသား** | **အစုရှယ်ယာပိုင်ဆိုင်မှု%** |
|---|---|---|---|
| | | | |
| | | | |
| | | | |
| | | | |
| | | | |
| | | | |

၅။ ကုမ္ပဏီဖွဲ့စည်းခြင်းနှင့် သက်ဆိုင်သောအချက်အလက်များ
(က) ကုမ္ပဏီအမျိုးအစား ..............................................................................
(ခ) အစုရှယ်ယာအမျိုးအစား ........................................................................
(ဂ) အစုရှယ်ယာဝင်များက ထည့်ဝင်မည့်အစုရှယ်ယာပမာဏ ......................................
(ဃ) မိခင်ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှုအကျဉ်းချုပ် ............................................
(င) မိခင်ကုမ္ပဏီ၏ မတည်ငွေရင်းပမာဏ ........................................................
(စ) မိခင်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက်ငွေကြေးထည့်ဝင်နိုင်မှု ............................
(ဆ) မိခင်ကုမ္ပဏီ၏ နည်းပညာအတွေ့အကြုံများ ......................................................

၆။ မတည်ငွေရင်းနှင့် သက်ဆိုင်သည့် အချက်အလက်များ -

**ကျပ်/US$(သန်းပေါင်း)**

(က) ပြည်တွင်းမှ ထည့်ဝင်သည့် မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း ..............................................
(ခ) နိုင်ငံခြားမှ ယူဆောင်လာသည့် မတည်ငွေရင်း ပမာဏ/ ရာခိုင်နှုန်း ..............................................

**စုစုပေါင်း** ______________

၇။ စီးပွားဖြစ်မစတင်မီ ရင်းနှီးထည့်ဝင်မည့်ငွေပမာဏ ..............................................
၈။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့်သက်တမ်း ..............................................
၉။ ဆောင်ရွက်မည့်စီးပွားရေးအဖွဲ့အစည်းနှင့် သက်ဆိုင်သောအချက်အလက်များ -
(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်ဒေသ (များ)/တည်နေရာ ..............................................
..........................................................................................................
(ခ) ရင်းနှီးမြှုပ်နှံမှုတန်ဖိုး/ပမာဏ ..............................................................

၁၀။ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ်စသည်တို့ ရရှိပြီးပါက ပူးတွဲတင်ပြရန်။

၁၁။ လုပ်ငန်းစတင်ဆောင်ရွက်နေခြင်း ရှိ ☐ မရှိ ☐

ရှိပါက လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဖော်ပြပေးရန်

..........................................................................................................................................

၁၂။ နည်းပညာလွှဲပြောင်း ယူဆောင်လာမည့်အစီအစဉ် ..........................................................

..........................................................................................................................................

၁၃။ အတည်ပြုလျှောက်ထားလွှာနှင့်အတူ အောက်ဖော်ပြပါ လျှောက်ထားလွှာများကို တင်ပြလျှောက်ထားခြင်း ရှိ မရှိ ဖော်ပြရန်။

☐ မြေအသုံးပြုခွင့် လျှောက်ထားလွှာ

☐ အခွန်ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်လျှောက်ထားလွှာ

လျှောက်ထားသူလက်မှတ်<br>
အမည် ................................................<br>
ရာထူး ................................................<br>
ဌာန/ကုမ္ပဏီတံဆိပ် ................................

**ကတိဝန်ခံချက်**

အထက်ဖော်ပြပါ လျှောက်ထားသူမှ ပေးအပ်သည့် အချက်အလက်များအားလုံးသည် မှန်ကန်မှုရှိပါကြောင်း အာမခံပါသည်။

ဤအတည်ပြုလျှောက်ထားလွှာတွင် အတည်ပြုမိန့်ထုတ်ပေးရန်အတွက် ကော်မရှင်မှ စိစစ်ရာ၌ လိုအပ်သည့်အချက်အလက်များကို လျှောက်ထားသူကပေးအပ်ရန် ပျက်ကွက်ပါက အတည်ပြုလျှောက်ထားလွှာကို ငြင်းပယ်ခြင်း သို့မဟုတ် စိစစ်ရာ၌ မလိုလားအပ်သည့် နှောင့်နှေးကြန့်ကြာခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း ကောင်းစွာသဘောပေါက်နားလည်ပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချမှတ်မည့် စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာမည်ဖြစ်ကြောင်း ဝန်ခံကတိပြုအပ်ပါသည်။

လျှောက်ထားသူလက်မှတ်<br>
အမည် ................................................<br>
ရာထူး ................................................<br>
ဌာန/ကုမ္ပဏီတံဆိပ် ................................

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၀၇/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဖြင့် အင်ဂျင်နီယာချုပ် (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ်၊ ဆ/၁၂၄၅ ဦးသန်းမြင့် အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး

အမှတ်စဉ် (၂၃/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနရှိ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၀၈/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေး ဌာနခွဲ (ထိန်းသိမ်းရေး) မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဖြင့် ညွှန်ကြားရေးမှူး (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ်၊ ဆ/၁၉၄၉ ဒေါ်အိအိမျိုး အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနရှိ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ထမ်းဆောင်စေလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၀၉/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေး အဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ဖြင့် ညွှန်ကြားရေးမှူး (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော ကိုယ်ပိုင်အမှတ်၊ ဆ/၁၆၉၆ ဦးတိုးတိုး အား ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၃/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ တံတားဦးစီးဌာနရှိ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ လစ်လပ်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၁၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ၂၀၀၀ ပြည့်နှစ်၊ လမ်းမကြီးများဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့အရ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနပိုင် အောက်ဖော်ပြပါ လမ်း (၄) လမ်းတို့အား **အထူးသတ်မှတ်လမ်းမကြီးများ** အဖြစ် သတ်မှတ်ကြေညာလိုက်သည် -

| စဉ် | လမ်းအမည် | လမ်းအရှည် (မိုင် - ဖာလုံ) / (ကီလိုမီတာ) | လမ်းနယ်နိမိတ်အကျယ် (ပေ) / (မီတာ) | မှတ်ချက် |
|---|---|---|---|---|
| ၁ | အမှတ် (၇) လမ်းမကြီး (မြို့ပတ်လမ်း) | ၁၂ - ၀<br>၁၉. ၃၁၂ | ၃၀၀<br>၉၁. ၄၄ | |
| ၂ | ထောက်ကြန့်မြို့ရှောင်လမ်း | ၁ - ၇<br>၃. ၀၁၈ | ၃၀၀<br>၉၁. ၄၄ | |
| ၃ | ဒဂုံ - သီလဝါလမ်း | ၁၃ - ၅<br>၂၁. ၉၂၇ | ၃၀၀<br>၉၁. ၄၄ | မိုင် ၁၀/၂ - ၁၃/၅ အထိ လမ်းပိုင်း ၃/၃ မိုင်၏ လမ်းနယ်နိမိတ်အကျယ် မှာ (၁၅၀) ပေ ဖြစ်ပါသည်။ |
| ၄ | အမှတ် (၃) လမ်းမကြီး | ၉ - ၂<br>၁၄. ၈၈၆ | ၃၀၀<br>၉၁. ၄၄ | |

# (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၁၈/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဌာနခွဲမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်းပေါ်ရှိ ကွမ်းလုံတံတားသစ် တည်ဆောက်ခြင်းစီမံကိန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ (ESIA) ပြုစုရေးသားနိုင်မည့်အဖွဲ့အစည်းအား တင်ဒါခေါ်ယူခြင်းကိစ္စဆောင်ရွက်ရာတွင် "တင်ဒါကော်မတီ" "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" နှင့် "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" တို့ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်သည် -

**(က) တင်ဒါကော်မတီ**

| | | |
|---|---|---|
| (၁) | ဦးဝင်းတင့်<br>အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဦးရွှေလေး<br>ညွှန်ကြားရေးမှူးချုပ်<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | ဦးနေအောင်ရဲမြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ဦးခင်မောင်ဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးကျော်ကောင်းချို<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ဦးမြင့်ဟန်<br>အင်ဂျင်နီယာချုပ် (မြို့ပြ)<br>လမ်းဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ဦးသိန်းမြင့်မွန်<br>အင်ဂျင်နီယာချုပ် (မြို့ပြ)<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ဦးဇော်ဝင်းမြင့်<br>အင်ဂျင်နီယာချုပ် (မြို့ပြ)<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ဦးသိန်းအောင်<br>အင်ဂျင်နီယာချုပ် (မြို့ပြ)<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဦးကျော်စွာထွန်း<br>ညွှန်ကြားရေးမှူး (မြို့ပြ)<br>တံတားဦးစီးဌာန | အဖွဲ့ဝင် |

(၁၁) ဦးလှဝင်းထွန်း　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
တံတားဦးစီးဌာန

(၁၂) ဦးစိုးနိုင်　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၁၃) ဒေါ်မီမီထွန်း　　အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

(၁၄) ဒေါ်အိအိထွန်း　　တွဲဖက်အတွင်းရေးမှူး
ဦးစီးအရာရှိ (မြို့ပြ)
တံတားဦးစီးဌာန

**(ခ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(၁) ဦးရွှေလေး　　ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
တံတားဦးစီးဌာန

(၂) ဦးနေအောင်ရဲမြင့်　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
တံတားဦးစီးဌာန

(၃) ဦးခင်မောင်ဆွေ　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
တံတားဦးစီးဌာန

(၄) ဦးကျော်ကောင်းချို　　အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
တံတားဦးစီးဌာန

(၅) ဦးမြင့်ဟန်　　အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
လမ်းဦးစီးဌာန

(၆) ဦးသိန်းမြင့်မွန်　　အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(၇) ဦးဇော်ဝင်းမြင့်　　အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(၈) ဦးသိန်းအောင်　　အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(၉) ဦးလှဝင်းထွန်း　　အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
တံတားဦးစီးဌာန

(၁၀) ဦးကျော်စွာထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

(၁၁) ဒေါ်မိမိထွန်း — တွဲဖက်အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

**(ဂ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(၁) ဦးရွှေလေး — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
တံတားဦးစီးဌာန

(၂) ဦးနေအောင်ရဲမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
တံတားဦးစီးဌာန

(၃) ဦးခင်မောင်ဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
တံတားဦးစီးဌာန

(၄) ဦးကျော်ကောင်းချို — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
တံတားဦးစီးဌာန

(၅) ဦးမြင့်ဟန် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
လမ်းဦးစီးဌာန

(၆) ဦးသိန်းမြင့်မွန် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(၇) ဦးဇော်ဝင်းမြင့် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(၈) ဦးသိန်းအောင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(၉) ဦးလှဝင်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
တံတားဦးစီးဌာန

(၁၀) ဒေါ်ထွေးငယ်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

(၁၁) ဦးစိုးနိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၁၂) ဦးကျော်စွာထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

(၁၃) ဒေါ်မီမီထွန်း — တွဲဖက်အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

**(ဃ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(၁) ဦးနေအောင်ရဲမြင့် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
တံတားဦးစီးဌာန

(၂) ဦးသိန်းမြင့်မွန် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(၃) ဦးဇော်ဝင်းမြင့် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(၄) ဦးသိန်းအောင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(၅) ဒေါ်ထွေးငယ်မြင့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

(၆) ဦးစိုးနိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၇) ဦးကျော်စွာထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

(၈) ဒေါ်မီမီထွန်း — တွဲဖက်အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
တံတားဦးစီးဌာန

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**(က) တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) လုပ်ငန်းဆောင်ရွက်ခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) လုပ်ငန်းဆောင်ရွက်ခြင်းအတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) တင်ဒါတွင်ပါဝင်မည့် လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်သွားရမည့် လုပ်ငန်းအစီအစဉ်များ၊ အခွန်စသည်များ သတ်မှတ်ခြင်း၊

(၄) လုပ်ငန်းဆောင်ရွက်ခြင်းအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်မှုများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၅) တင်ဒါတင်သွင်းရမည့်အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း (18 July 2019 နေ့တွင် တင်ဒါဖွင့်ဖောက်လက်ခံပြီး သတ်မှတ်ချက်များနှင့်ပြည့်စုံသည့် တင်ဒါယှဉ်ပြိုင်သူစာရင်းကို ထုတ်ပြန်ကြေညာခြင်း)

(၆) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီကို တာဝန်ပေးအပ်ခြင်း၊

(၇) တင်ဒါအောင်မြင်သူထံမှ ပြီးမြောက်မှုအာမခံ (Performance Guarantee) တောင်းခံခြင်း၊

(၈) တင်ဒါအောင်မြင်သူကြေညာခြင်း။ (7 August 2019 နေ့တွင် တင်ဒါအောင်မြင်သူအား ရွေးချယ်ခြင်း)

**(ခ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်မှာ လုပ်ငန်းဆောင်ရွက်မည့် အဖွဲ့အစည်း၏ အစီရင်ခံစာ ရေးသားပြုစုရန်အတွက်လိုအပ်သည့်ရန်ပုံငွေပမာဏကို တင်ဒါကော်မတီသို့တင်ပြရမည်။

**(ဂ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များ -

(၁) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူပြင်ဆင်ခြင်း။

**(ဃ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** ၏ လုပ်ငန်းတာဝန်များ -

(၁) ရေးသားပေးပို့လာသော အစီရင်ခံစာ စာအုပ်သည် ECD မှ ချမှတ်ထားသော Guideline များအတိုင်းရေးဆွဲထားခြင်း ရှိ မရှိ စိစစ်ခြင်း၊

(၂) အစီရင်ခံစာရေးသားပြုစုသည့် အဖွဲ့အစည်းမှ ပေးပို့လာသည့် အစီရင်ခံစာ Report ကို လက်ခံခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း၊

(၃) ပြည့်စုံစွာရေးသားပြုစုထားသည့် အစီရင်ခံစာအား လက်ခံရရှိသည့် စာရွက်စာတမ်းများ ထုတ်ပေးခြင်း။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၅၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၅ ရက်)

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၁၁/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်/လူကုန်ကူးဌာနခွဲတွင် တာဝန်ထမ်းဆောင်လျက်ရှိသော လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး၊ ဦးခင်ထွန်းအား ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ မူးယစ်/လူကုန်ကူးဌာနခွဲတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ချထားလိုက်သည်။

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်<br>( ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၂</u>

**နိုင်ငံတော်သမ္မတရုံး**

**ညွှန်ကြားချက်အမှတ် (၂/၂၀၁၉)**

၁၃၈၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်)

**ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလွယ်ကူစေရန် လိုက်နာရမည့်မြေနှင့် အဆောက်အအုံ သတင်းအချက်အလက်ဘဏ် (Land and Property Bank) ဆိုင်ရာညွှန်ကြားချက်**

၁။ နိုင်ငံပိုင်မြေ၊ အဆောက်အအုံများငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရေးအတွက် နိုင်ငံတော်သမ္မတရုံးက ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ စာဖြင့် ထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ် ၃/၂၀၁၈ ၏ အပိုဒ် ၄ (က) အရ လိုက်နာဆောင်ရွက်ရာတွင် နိုင်ငံပိုင်မြေ၊ အဆောက်အဦ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ လူနေအိမ်ခန်း၊ စက်ရုံ၊ အလုပ်ရုံနှင့် သိုလှောင်ရုံများ၏ သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက အောက်ပါအခြေအနေများ ခွဲခြားဖော်ပြ၍ ပူးတွဲပါဇယားဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြရမည် -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ပိုင်ဆိုင်မှုရှိပြီး ငှားရမ်းထားခြင်း၊ အသုံးပြုလျက်ရှိနေခြင်း၊

(ခ) ပိုင်ဆိုင်မှုရှိသော်လည်း အသုံးပြုမှုမရှိခြင်း၊

(ဂ) ပိုင်ဆိုင်မှုမရှိသော်လည်း ငှားရမ်းထားခြင်း၊ အသုံးပြုလျက်ရှိခြင်း၊

(ဃ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ရင်းနှီးမြှုပ်နှံမှုအတွက် ငှားရမ်းလိုခြင်း၊ အသုံးပြုလိုခြင်း။

၂။ အထက်ပါတင်ပြလာသည့် နိုင်ငံပိုင်မြေ၊ အဆောက်အဦ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ လူနေအိမ်ခန်း၊ စက်ရုံ၊ အလုပ်ရုံနှင့် သိုလှောင်ရုံများဆိုင်ရာ သတင်းအချက်အလက်များကို "တုံ့ပြန်နိုင်သော အွန်လိုင်းဒေတာဘေ့ (စ်)" (Interactive Online Database) ပုံစံဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက "မြေနှင့် အဆောက်အအုံ သတင်းအချက်အလက်ဘဏ်" (Land and Property Bank) စနစ်ကို တာဝန်ယူတည်ဆောက်ရမည်။ "မြေနှင့် အဆောက်အအုံသတင်းအချက်အလက်ဘဏ်" တည်ဆောက်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် လိုအပ်သည့်သတင်းအချက်အလက်များကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံသို့ ညှိနှိုင်းတောင်းယူနိုင်သည်။

၃။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် "မြေနှင့် အဆောက်အအုံသတင်းအချက်အလက်ဘဏ်" ၌ ထည့်သွင်းထားသည့်

နိုင်ငံပိုင်မြေ၊ အဆောက်အဦ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ လူနေအိမ်ခန်း၊ စက်ရုံ၊ အလုပ်ရုံနှင့် သိုလှောင်ရုံများဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ပြည့်စုံတိကျမှန်ကန်မှုရှိစေရေး အတွက် တာဝန်ယူရမည်။

၄။ ရင်းနှီးမြှုပ်နှံသူများ သတင်းအချက်အလက်ရယူနိုင်ရေးအတွက် ပုဂ္ဂလိကပိုင်မြေ၊ အဆောက်အဦ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ လူနေအိမ်ခန်း၊ စက်ရုံ၊ အလုပ်ရုံနှင့် သိုလှောင်ရုံများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ပိုင်ရှင်သည် မိမိဆန္ဒအလျောက် "မြေနှင့် အဆောက်အအုံသတင်း အချက်အလက်ဘဏ်" တွင် ထည့်သွင်းဖော်ပြနိုင်သည်။

၅။ နိုင်ငံပိုင်မြေ၊ အဆောက်အဦ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ လူနေအိမ်ခန်း၊ စက်ရုံ၊ အလုပ်ရုံနှင့် သိုလှောင်ရုံများကို ငှားရမ်းအသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်လိုသည့် ပုဂ္ဂလိက အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသို့ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ဖြစ်စေ အဆိုပြုလျှောက်ထားနိုင်သည်။

၆။ "မြေနှင့် အဆောက်အအုံသတင်းအချက်အလက်ဘဏ်" တွင် ထည့်သွင်းထားသော ပုဂ္ဂလိကပိုင်မြေ၊ အဆောက်အဦ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ လူနေအိမ်ခန်း၊ စက်ရုံ၊ အလုပ်ရုံ၊ သိုလှောင်ရုံများကို ရင်းနှီးမြှုပ်နှံရန် ငှားရမ်းအသုံးပြုလိုသူသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုနိုင်သည်။

**သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းသို့ တိုက်ရိုက်လျှောက်ထားခြင်း**

၇။ ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းသို့ မြေငှားရမ်းရန်၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရန် သို့မဟုတ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံတစ်မျိုးမျိုးဖြင့် ဆောင်ရွက်ရန် လျှောက်ထားပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းအနေဖြင့် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် ၃/၂၀၁၈ တို့နှင့်အညီ ဆောင်ရွက်ရမည်။ မြေငှားရမ်းရန် လျှောက်ထားသည့် ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်း သို့မဟုတ် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်တစ်မျိုးမျိုးဖြင့် ဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ တိုက်ရိုက်အဆိုပြုလျှောက်ထားရာတွင် အောက်ပါအတိုင်း လိုက်နာရမည် -

(က) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန (PPP Center) သို့ အကြောင်းကြား၍ ၎င်းစီမံကိန်းအဆိုပြုလွှာကို စီမံကိန်းဘဏ် (Project Bank) အတွင်းထည့်သွင်းရန် လိုအပ်ခြင်း ရှိ မရှိ သဘောထားရယူရန်၊

(ခ) စီမံကိန်းဘဏ် (Project Bank) သို့ ထည့်သွင်းရန်လိုအပ်ပါက PPP Center နှင့်ပေါင်းစပ်၍ စီမံကိန်းဘဏ် (Project Bank) ညွှန်ကြားချက် အပိုဒ် ၂၇ နှင့် ၂၈ တို့နှင့်အညီ Swiss Challenge ယှဉ်ပြိုင်မှုအစီအစဉ် သို့မဟုတ် ပွင့်လင်းမြင်သာ၍ အများပြည်သူပါဝင်နိုင်သော အခြားနည်းလမ်း တစ်မျိုးမျိုးဖြင့် ဆောင်ရွက်ရန်။

၈။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၃/၂၀၁၈ အပိုဒ် ၄ (ဇ) အရ နိုင်ငံပိုင်မြေ၊ အဆောက်အဦ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ လူနေအိမ်ခန်း၊ စက်ရုံ၊ အလုပ်ရုံနှင့် သိုလှောင်ရုံများကို သက်ဆိုင်ရာဝန်ကြီးဌာန စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် အများဆုံး ၅ နှစ်ကာလအထိ တိုက်ရိုက်ငှားရမ်းရာတွင် ငှားရမ်းစာချုပ်၌ အောက်ပါအချက် များကို ထည့်သွင်းချုပ်ဆိုရမည် -

(က) ငှားရမ်းခနှုန်းထားများကို ၂ နှစ်တစ်ကြိမ် ပုံမှန်ပြန်လည်သုံးသပ်ရန်၊

(ခ) ထပ်ဆင့်လွှဲပြောင်းခြင်း၊ ထပ်ဆင့်ငှားရမ်းခြင်းမပြုရန်၊

(ဂ) ငှားရမ်းစာချုပ်ပါ ရည်ရွယ်သောလုပ်ငန်းမှလွဲ၍ အခြားနည်းအသုံးမပြုရန်၊

(ဃ) ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ကျသင့်တံဆိပ်ခေါင်းခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်တို့ကို ဥပဒေနှင့်အညီ ငှားရမ်းသူ (Lessor) က ပေးဆောင်ခြင်းပြုရန်၊

(င) ငှားရမ်းကာလအတွင်း အဆောက်အဦ၏ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ ပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း၊ လျှော့ချခြင်းများ ဆောင်ရွက်ရန် ပေါ်ပေါက်လာပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်ရယူရန်၊

(စ) စာချုပ်ရပ်စဲရာတွင် စာချုပ်ရပ်စဲသည့်နေ့မတိုင်မီ နိုင်ငံတော်သို့ ပေးရန်ကျန်ရှိသောအခွန်အခများကို အပြေအကျေပေးသွင်းရန်၊

(ဆ) စာချုပ်ရပ်စဲသည့်အချိန် သို့မဟုတ် စာချုပ်သက်တမ်းကုန်ဆုံးသည့်အချိန်တွင် မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကောင်းမူလပကတိအခြေအနေအတိုင်း ပြန်လည် အပ်နှံရန်၊

(ဇ) စာချုပ်ရပ်စဲသည့်အချိန် သို့မဟုတ် စာချုပ်သက်တမ်းကုန်ဆုံးသည့်အချိန်တွင် အငှားချထားသည့် မြေ သို့မဟုတ် မြေနှင့် အဆောက်အအုံတို့ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက လက်ရောက်ပြန်လည်ရယူခွင့်ရှိရန်၊

(ဈ) ငှားရမ်းကာလအတွင်း ငှားရမ်းစာချုပ်ပါအတိုင်း ငှားရမ်းခအပေါ်အခွန် ဌာန (Lessor) သို့ ပေးချေရမည့် ငွေကြေးများကို သတ်မှတ်ကာလအတွင်း ပေးချေရန်၊

(ည) ငှားရမ်းခနှုန်းထားများကို ဒေသအလိုက် ကာလပေါက်ဈေးနှင့်အညီဖြစ်စေရန်။

၉။ မြေအသုံးပြုခွင့်ရယူလိုသည့် ရင်းနှီးမြှုပ်နှံသူသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၇ နှင့် ၃၈ တို့အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ် သို့မဟုတ် အလားတူစာရွက်စာတမ်းများ ပူးတွဲ၍ အတည်ပြုလျှောက်ထားလွှာတင်ပြပြီး အတည်ပြုမိန့်ရယူရမည်။

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ လျှောက်ထားခြင်း

၁၀။ အပိုဒ် (၆) အရ လျှောက်ထားလာသော အဆိုပြုလွှာနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ အောက်ပါအထောက်အထားများကို တောင်းခံနိုင်သည် -

(က) စီမံကိန်းအဆိုပြုလွှာတွင် -

(၁) စီမံကိန်းရည်ရွယ်ချက်၊ အရွယ်အစား၊ အကောင်အထည်ဖော်ဆောင်မှု၊ တည်နေရာ၊ အသုံးပြုမည့် မြေအနေအထားနှင့် သဘာဝအရင်းအမြစ်များ၊

(၂) စီမံကိန်းအကောင်အထည်ဖော်ဆောင်မှုအတွက် လိုအပ်သော နည်းပညာများ၊ စံနှုန်း သတ်မှတ်ချက်များ၊ ထောက်ပံ့ပေးရမည့် ဝန်ဆောင်မှု သို့မဟုတ် ကုန်ပစ္စည်းဆိုင်ရာ အရည်အသွေး စသည်တို့အား ကြိုတင်လေ့လာဆန်းစစ်ခြင်း၊

(၃) အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်း၏ မျှော်မှန်းလုပ်ငန်းစဉ်များ၊ တည်ဆောက်ရေးနှင့် စီမံကိန်းလည်ပတ်ရာတွင် သဘောတူညီထားသည့်အချက်များအပြင် စီမံခန့်ခွဲမှု၊ စီးပွားရေး အရ လုပ်ငန်းလည်ပတ်မှု သို့မဟုတ် ဝန်ဆောင်မှုကဏ္ဍနှင့်စပ်လျဉ်း၍ လုပ်ငန်းအစီအမံများ စသည်တို့ပါဝင်သော စာချုပ်ပါအချက်အလက်များ၊

(၄) လျော်ကြေးငွေကိစ္စရပ်များ၊ မြေအသုံးချခွင့်နှင့် ပြန်လည်နေရာချထားရေး စသည်တို့ အလုံးစုံ ပါဝင်သော ကြိုတင်စီမံမှုများ၊

(၅) ကြိုတင်ဆန်းစစ်လေ့လာချက် ပြုလုပ်ထားသော စီမံကိန်း၏ ဘဏ္ဍာရေးဆိုင်ရာစီမံချက်များ -

(ကက) စီမံကိန်းအတွက် လိုအပ်သည့် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှု၊

(ခခ) ငွေပင်ငွေရင်းနှင့် ငွေကြေးလည်ပတ်မည့်ပုံစံ၊

(ဂဂ) ခန့်မှန်းကုန်ကျစရိတ်နှင့် ဝင်ငွေရင်းမြစ်များ၊ စီမံကိန်းပြီးစီးပါက ရရှိလာမည့် ဝန်ဆောင်မှုနှင့် ထုတ်ကုန်များကို အသုံးပြုခြင်းအတွက် ပေးရမည့်ကာလအလိုက် ခန့်မှန်းဈေးနှုန်းနှင့် အဖိုးအခများ၊

(ဃဃ) အရင်းကျေကာလနှင့် အမြတ်ငွေခွဲဝေခြင်းဆိုင်ရာဖော်ပြချက်များ။

(၆) စီမံကိန်းအကောင်အထည်ဖော်နေစဉ်အတွင်း ပျက်စီးဆုံးရှုံးနိုင်ခြေများကို ကြိုတင်လေ့လာဆန်းစစ်ခြင်း၊

(၇) စီမံကိန်း၏ လူမှု-စီးပွားအကျိုးသက်ရောက်မှုများ၊ လူမှုအသိုင်းအဝိုင်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်နိုင်မှုများကို ကြိုတင်ခန့်မှန်းခြင်း။

(ခ) စီမံကိန်းရင်းနှီးမြှုပ်နှံသူ၏ ဥပဒေနှင့်အညီ လုပ်ဆောင်နိုင်မှု၊ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံတို့ကို ဖော်ပြထားသည့် စာရွက်စာတမ်းအထောက်အထားများ (ထိုသို့ဖော်ပြရာတွင် ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့်နှင့် ကုန်သွယ်ရေးဆိုင်ရာ လျှို့ဝှက်ချက်များ၊ အခြားအပြင်သို့ မပေါက်ကြားစေလိုသည့်ကိစ္စရပ်များ ပါဝင်လျှင် ယင်းအချက်များကိုစိစစ်၍ ထည့်သွင်းဖော်ပြနိုင်သည်၊)

(ဂ) အဆိုပြုလွှာပါ စီမံကိန်းနှင့် အလားသဏ္ဌာန်ဆင်တူသော စီမံကိန်းများကို အကောင်အထည်ဖော်ခဲ့ဖူးသည့် အတွေ့အကြုံဆိုင်ရာအထောက်အထားများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာတာဝန်ယူမှုများရှိကြောင်းအထောက်အထားများ၊

(ဃ) ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်ချက်အရ တောင်းခံသော အခြားအချက်အလက်အထောက်အထားများ။

၁၁။ ရင်းနှီးမြှုပ်နှံသူက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသို့ အဆိုပြုလျှောက်ထားလာသည့်အဆိုပြုလွှာများအနက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ သို့မဟုတ် စီးပွားရေးလုပ်ငန်းများနှင့် အများပြည်သူကို သက်ရောက်မှုရှိနိုင်သည့် စီးပွားရေးလုပ်ငန်းများပါရှိပါက ဝန်ကြီးဌာနသည် PPP Center သို့ အကြောင်းကြားပြီး ၎င်းစီမံကိန်းအဆိုပြုလွှာကို စီမံကိန်းဘဏ်အတွင်းထည့်သွင်း၍ စီမံကိန်းဘဏ်ဆိုင်ရာ ညွှန်ကြားချက်အပိုဒ် ၂၇ နှင့် ၂၈ တို့နှင့်အညီ ဆောင်ရွက်ရန်လိုအပ်ခြင်း ရှိ မရှိ သဘောထားရယူရမည်။

## ခွင့်ပြုချက်ရယူခြင်း

၁၂။ ဤညွှန်ကြားချက်အပိုဒ် ၁၀ နှင့်အညီ လျှောက်ထားသည့် အဆိုပြုလွှာများကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့က "မြေနှင့် အဆောက်အအုံသတင်းအချက်အလက်ဘဏ်" စနစ်ကိုအသုံးပြု၍ စိစစ်ပြီး သင့်တော်သည့် နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင်မြေ၊ အဆောက်အဦ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ လူနေအိမ်ခန်း၊ စက်ရုံ၊ အလုပ်ရုံ သို့မဟုတ် သိုလှောင်ရုံကို မြေပိုင်ဆိုင်ခွင့်ရှိသူနှင့် ရင်းနှီးမြှုပ်နှံသူတို့အကြား ညှိနှိုင်းသတ်မှတ်ရွေးချယ်ကာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ စိစစ်ခွင့်ပြုနိုင်သည်။

၁၃။ ဤညွှန်ကြားချက်အပိုဒ် ၁၂ အရ ခွင့်ပြုချက်ရရှိပြီး ငှားရမ်းမည့် နိုင်ငံပိုင်မြေ၊ အဆောက်အဦ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ လူနေအိမ်ခန်း၊ စက်ရုံ၊ အလုပ်ရုံ သို့မဟုတ် သိုလှောင်ရုံကို ပိုင်ဆိုင်သည့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂလိကအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်အကြား အငှားစာချုပ်ချုပ်ဆိုရေးကို ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်။

၁၄။ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက စီမံခန့်ခွဲသော တည်ဆဲဥပဒေများတွင် မြေအသုံးချခွင့်နှင့်စပ်လျဉ်း၍ ခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ် သို့မဟုတ် အလားတူစာရွက်စာတမ်းလျှောက်ထားရန်ပါရှိပါက ယင်းခွင့်ပြုချက်၊ လိုင်စင်၊ ပါမစ် သို့မဟုတ် အလားတူစာရွက်စာတမ်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တံခါးတစ်ပေါက်စနစ် (Single Window System) တွင် တစ်ပြိုင်တည်း အလုံးစုံဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ ပေါင်းစပ်စီစဉ်ဆောင်ရွက်ရမည်။

**စာချုပ်ချုပ်ဆိုခြင်း**

၁၅။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံပိုင်မြေ၊ အဆောက်အဦ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ဆိုင်ခန်း၊ လူနေအိမ်ခန်း၊ စက်ရုံ၊ အလုပ်ရုံ သို့မဟုတ် သိုလှောင်ရုံများ ငှားရမ်းခြင်းဆိုင်ရာ စံအငှားစာချုပ် (Model Contract) များကို ကြိုတင်ပြင်ဆင်ရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်ရယူပြီး နိုင်ငံတော်သမ္မတရုံး၏ အတည်ပြုချက်ရယူထားရမည်။

၁၆။ ဤညွှန်ကြားချက်အပိုဒ် ၁၃ အရ ချုပ်ဆိုမည့်အငှားစာချုပ်သည် အပိုဒ် ၁၅ အရ ကြိုတင်ပြင်ဆင်ထားသည့် စံအငှားစာချုပ် (Model Contract) ကို အသုံးပြု၍ ချုပ်ဆိုခြင်းဖြစ်ပါက အပိုဒ် ၁၂ အရ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာခွင့်ပြုချက်ပေးပြီးလျှင် ထိုသို့ငှားရမ်းခြင်းအတွက် အခြားခွင့်ပြုချက်များ ထပ်မံရယူရန်မလိုဘဲ စာချုပ်ချုပ်ဆိုနိုင်သည်။

အမိန့်အရ

ခင်လတ်
အမြဲတမ်းအတွင်းဝန်
နိုင်ငံတော်သမ္မတရုံး

**အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းအမည် -------------------------------------။**

| စဉ် | တည်နေရာ (လိပ်စာ) | အမျိုးအစား | အရွယ်အစား (Sq.ft) | ပိုင်ဆိုင်မှုအခြေအနေ | လက်ရှိအခြေအနေ |
|---|---|---|---|---|---|
| | | ဥပမာ -<br>(က) မြေသီးသန့်<br>(ခ) မြေနှင့် အဆောက်အဦ<br>(ဂ) အဆောက်အဦသီးသန့်<br>(ဃ) တိုက်ခန်း | (မြေပုံ၊ ဒီဇိုင်း အရွယ်အစား စသည့် အချက်အလက် အပြည့်အစုံ) | ဥပမာ -<br>(က) ပိုင်ဆိုင်မှုရှိပြီး ငှားရမ်းခြင်း၊ အသုံးပြုလျက်ရှိနေခြင်း။<br>(ခ) ပိုင်ဆိုင်မှုရှိသော်လည်းအသုံးပြုမှုမရှိခြင်း။<br>(ဂ) ပိုင်ဆိုင်မှုမရှိသော်လည်း ငှားရမ်းထားခြင်း၊ အသုံးပြုလျက်ရှိခြင်း။<br>(ဃ) ရင်းနှီးမြှုပ်နှံမှုအတွက် ငှားရမ်းလိုခြင်း၊ အသုံးပြုလိုခြင်း။ | ဥပမာ -<br>(က) လစ်လပ်<br>(ခ) ရုံးခန်းအဖြစ်ရှိ<br>(ဂ) အိမ်ခန်းအဖြစ်ရှိ (နေထိုင်သူစာရင်း)<br>(ဃ) ကျူးတဲအိမ်များရှိ (ကျူးအခြေအနေ) |
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |
| ၅ | | | | | |
| ၆ | | | | | |

## စီမံကိန်းဦးစီးဌာန

## ရုံးအမိန့်စာအမှတ် (၂၇၇/၂၀၁၉)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်)

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာန၊ မူဝါဒနှင့် စီမံကိန်းဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးကျော်လွင် အား သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၂။ ဤအမိန့်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅၆/၂၀၁၉) အရ ထုတ်ပြန်ခြင်းဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
မောင်နီ၊ ညွှန်ကြားရေးမှူး
စီမံကိန်းဦးစီးဌာန

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် [၁၅၄ (က)/၂၀၁၉]

၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်-

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀- ၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) မှ သဘောတူညီချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂ (၂)/၀၈ (ဃ) (၂၉၄၃/၂၀၁၉) တို့အရ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၁၇) ဦးအား ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားခွင့်ပြုပြီးဖြစ်၍ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့ရက်မှစ၍ ဦးစီးအရာရှိ ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့်ဌာန |
|---|---|---|
| (၁) | ဒေါ်သဇင်မိုးမိုးအောင် | ရုံးချုပ်၊ လူ့စွမ်းအားအရင်းအမြစ်ဌာန |
| (၂) | ဒေါ်ထက်သီရိ | ရုံးချုပ်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာန |
| (၃) | ဒေါ်လာဒ်မီတင်ဝင်း | ရုံးချုပ်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာန |
| (၄) | ဦးအောင်ဇော်ထွန်း | ရုံးချုပ်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာန |
| (၅) | ဦးသူရိန်ထွန်း | ရုံးချုပ်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာန |
| (၆) | ဦးလင်းအောင်-၂ | ရုံးချုပ်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာန |
| (၇) | ဦးအောင်အောင် | ရုံးချုပ်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ရေးဌာန |
| (၈) | ဦးလင်းအောင်-၁ | ရုံးချုပ်၊ ညွှန်ကြားရေးမှူးချုပ်ရုံး |
| (၉) | ဒေါ်အေးမိုးကျော် | ပြင်ဦးလွင်ခရိုင်ရုံး၊ မန္တလေးတိုင်းဒေသကြီး |
| (၁၀) | ဦးလန်းဆန်း | ညွှန်ကြားရေးမှူးရုံး၊ မကွေးတိုင်းဒေသကြီး |
| (၁၁) | ဒေါ်ဂျူလီယာ | ညွှန်ကြားရေးမှူးရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး |
| (၁၂) | ဦးအောင်ယံထက် | မြိတ်ခရိုင်ရုံး၊ တနင်္သာရီတိုင်းဒေသကြီး |
| (၁၃) | ဒေါ်ကြယ်စင်ထွန်း | မန္တလေးခရိုင်ရုံး၊ မန္တလေးတိုင်းဒေသကြီး |
| (၁၄) | ဒေါ်ခင်ဝင့်သူ | ရုံးချုပ်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုထိန်းချုပ်ရေးဌာန |
| (၁၅) | ဒေါ်နှင်းအိ | ပြည်ခရိုင်ရုံး၊ ပဲခူးတိုင်းဒေသကြီး |
| (၁၆) | ဦးစိုးသီဟ | ညွှန်ကြားရေးမှူးရုံး၊ ချင်းပြည်နယ် |
| (၁၇) | ဦးအောင်ပြည့်ဖြိုးသွင် | ဖျာပုံခရိုင်၊ ဧရာဝတီတိုင်းဒေသကြီး |

လှမောင်သိန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက် ( ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## <u>အပိုင်း ၄</u>

**ဘလက်ဆဒ် ကုမ္ပဏီလီမိတက်**

**(Blessed Company Limited)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇၊ ပုဒ်မ ၃၄၈ အရ
အစုရှယ်ယာရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းဆဲ

နောက်ဆုံး အစည်းအဝေးဖိတ်ကြားခြင်း

**ဘလက်ဆဒ် ကုမ္ပဏီလီမိတက် (Blessed Company Limited)** ၏ နောက်ဆုံးအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည် -

နေ့ရက် - ၁၈-၁၁-၂၀၁၉

အချိန် - နံနက် (၉း၃၀) နာရီ၊

နေရာ - စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိရုံးခန်း
အမှတ် (၆/အေ)၊ မြေညီထပ်၊ အခန်းအမှတ် (၂/၃)၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အဆိုပါ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ရှင်းလင်းချက်များနှင့် စာရင်းရှင်းတမ်းကိုတင်ပြပါမည်။

အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| HLA MIN | ဦးအောင်သိန်း |
| MANAGING DIRECTOR | (B.Econ, D.S, R.L) |
| BLESSED COMPANY LIMITED | တရားလွှတ်တော်ရှေ့နေ (၇၅၉၈) |
| | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## နစ်ဆူရှိုဂျီ (မြန်မာ) ကုမ္ပဏီလီမိတက်
## [Nittsu Shoji (Myanmar) Company Limited]

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ အရ

အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းသည့် နောက်ဆုံးအစည်းအဝေး

Final Meeting for Dissolution

တက်ရောက်ရန် ဖိတ်ကြားခြင်း

အထက်ဖော်ပြပါ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၁၈၄၇၄၅၁၁ အား အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း နောက်ဆုံးကျင်းပသည့် အစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၁၅) ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဦးကျော့မောင်၏ ရုံးခန်းလိပ်စာ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များအားလုံး တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြ၍ ကုမ္ပဏီအား အပြီးသတ်ဖျက်သိမ်းသွားမည် ဖြစ်ပါသည်။

U Kyawt Mg
Liquidator
Nittsu Shoji (Myanmar) Company Limited
(Under Members' Voluntary Winding up)
No.3, 105th Street, Mingalar Taung Nyunt Township,
Yangon, Myanmar.
Phone - 09-51-76165

## လှပလက် ကုမ္ပဏီလီမိတက်
## (BEAUTY HAND CO., LTD) အား

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**လှပလက် ကုမ္ပဏီလီမိတက် (BEAUTY HAND CO., LTD)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အရှေ့ရွှေဂုံတိုင်ရပ်ကွက်၊ အောင်ချမ်းသာအိမ်ရာ၊ တိုက်အမှတ် (၁၉)၊ အခန်းအမှတ် (၃၀၄)၊ တတိယထပ် (၄) လွှာတွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါ်မေစီ
(B.Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
၄၉၊ မာလာမြိုင် (၃) လမ်း၊ အုတ်ကျင်း။
ဖုန်းနံပါတ် ၀၁-၅၂၂၆၈၄၊ ၀၉-၅၀၄၂၄၄၇

## SUN DRAGON COMPANY LIMITED

ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **SUN DRAGON COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၁၅. ၁၀. ၂၀၁၉) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့်ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့်ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| U MYO AUNG | ဦးဇင်ဝေ |
| Managing Director | [B.Com (AA), CPA (210)] |
| Sun Dragon Company Limited | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## အတုမရှိဆန်းသစ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်
## (UNIQUE INNOVATIVE TRADING CO., LTD) အား

(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

**အတုမရှိဆန်းသစ်ရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် (UNIQUE INNOVATIVE TRADING CO., LTD)** ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ (၁၈) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင် ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ဘောက်ထော်ရပ်ကွက်၊ (၁၁၇) လမ်း၊ အမှတ် (၄၄) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဒေါ်မေစီ
(B.Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
၄၉၊ မာလာမြိုင် (၃) လမ်း၊ အုတ်ကျင်း။
ဖုန်းနံပါတ် ၀၁-၅၂၂၆၈၄၊ ၀၉-၅၀၄၂၄၄၇

## MySun Networks Co., Ltd

(In Members' Voluntary Liquidation)

According to the Special General Meeting of the Members of **MySun Networks Co., Ltd** held at Building No. 18, 4th Floor, MICT Park, Hlaing Township, Yangon, Myanmar on September 23, 2019, the following "Special Resolutions" were passed:

1. The Shareholders approved to voluntarily liquidate the Company effective as of September 30, 2019, and
2. The Shareholders approved to appoint Daw Than Than, Advocate (Sr.1342) to act as the liquidator for the liquidation of the Company.

All creditors of **MySun Networks Co., Ltd** are, therefore, requested to submit details of their claims together with any documentary evidence to the liquidator at the address given below, no later than (15-11-2019).

Daw Thuza Maung Maung
Managing Director
MySun Networks Co., Ltd

Daw Than Than
[BA (Law), LL.B]
(Advocate 1342)
Liquidator
No. 408, Ba Nyar Da La Road,
Byaing Yae Oe Sin Kwat Thit,
Tamwe Township, Yangon.

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၈-၁၀-၂၀၁၉။